ညောင်ကန်-အရှင်ဇန္ဒက

၏

# ပုဒ္ဓဝမ္မကြီးမုံ

အောင်မြေဘုံကျော် ပဋိပတ္တိ သာသနာ့ရိပ်သာ

မဟာစည်ရိပ်သာခွဲ တကောင်းဘုရားလမ်း၊ ပုသိမ်မြို့။

သာသနာ ၂၅၁၇။ ကောဇာ ၁၃၃၅။

ဘ၄ဘ၃

ညောင်ကန်-အရှင်ဇုန္ဒက

၏

# ဗုဒ္ဓ ဓမ္မ ကြေးမုံ

ရတနာသီရိပုံနှိပ်တိုက်၊ ၁၀/၉၄၉၊ လမ်း ၃၀၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

သာသနာ ၂၅၁၇။ ကောဇာ ၁၃၃၅။

ရတနာသီရိ က

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၆၅၀၈)

ထုတ်ဝေသူ။ ။ဦးထွန်းလှိုင်၊ ကင်းလွတ်ခွင့် [၀၂၁၁၇]
အောင်မြေဘုံကျော် ပဋ္ဌိပတ္တိရိပ်သာ၊
တကောင်းဘုရားလမ်း၊ ပုသိမ်မြို့။

ပုံနှိပ်သူ။ ။ဦးစိန်လင်း၊ရတနာသီရိ ပုံနှိပ်တိုက်၊ [၀၇၂၀]
အမှတ် ၁၀/၉၄၉၊ လမ်း ၃၀၊ တောင်ဥက္က
လာပ၊ ရန်ကုန်မြို့။

ပထမ အကြိမ်။

အုပ်ရေ ၅၀၀၀။

မဗ္ဗဒါနပြုရန်

၁၃၃၅-ခု၊ ဝါခေါင်လဆုတ် ၈-ရက်နေ့။ [၂၁-၈-၇၃]

# စာရေးသူ၏

# ပန်ကြားလွှာ

စာရေးသူသည် ဝိသနာအလျောက် ဗုဒ္ဓ မမ္မလောက စာစောင်, မမ္မဗျူဟာ စာစောင်တို့၌ ဗုဒ္ဓသာသနာရေး တရားဆောင်းပါးတို့ကို ရေးသားခဲ့ပါသည်။ ထို ဗုဒ္ဓသာသနာရေး တရားဆောင်းပါးတို့ကို စုပေါင်း၍ "ဗုဒ္ဓ မမ္မ ဆောင်းပါးများ" အမည်ဖြင့် စာတအုပ် ထုတ်ခဲ့ပြီးပါပြီ။

ထို့နောက် ဗုဒ္ဓသာသနာရေး တရားဆောင်းပါးတို့ကို ဗုဒ္ဓ မမ္မ လောက စာစောင်၌ အများဆုံး ဆက်လက် ရေးသားခဲ့သည့် အပြင် အိုးဝေ၊ ရွှေတူ ဂျာနယ်နှင့် အစိုးရ သတင်းစာတို့၌လည်း တပုဒ်တလေစီမျှ ဖော်ပြခွင့်ကြုံခဲ့ရပါသည်။

ယခုအခါ ထိုထို ဗုဒ္ဓ သာသနာရေး တရား ဆောင်းပါး ၁၇-ပုဒ်တို့ကို စုပေါင်း၍ စာတအုပ်အဖြစ် စုစည်းထုတ်ဝေခွင့် ရပြန်ပါသည်၊ စာအုပ်အမည်ကို "ဗုဒ္ဓ မမ္မ ကြေးမုံ"ဟု ကင်ပွန်းတပ် လိုက်ပါသည်။

စာရှုသူတို့သည် ဗုဒ္ဓ မမ္မ ကြေးမုံ မှန်အပြင်ဝယ် အကြိမ်ကြိမ် ကြည့်ရှုလေ့လာကြ၍ ဘေးရန် ကင်းကွာ ကိုယ်စိတ်ရွှင်လန်း ချမ်းမြေ့စွာဖြင့် ကုသိုလ်တရား တိုးပွားများနိုင်ကြပါစေ သတည်း။

၁၃၃၄-ခု၊ တော်သလင်းလဆုတ် ၃-ရက်။ (၂၅-၉-၇၂)

**ညောင်ကန် အရှင်ဣန္ဒက**

နာယက-ကမ္မဋ္ဌာနာစရိယ မေ့ကာဝိက

အောင်မြေဘုံကျော် ပဋိပတ္တိရိပ်သာ

(မဟာစည် ဌာနခွဲ) တကောင်းဘုရားလမ်း၊ ပုသိမ်မြို့။

# ဤကြေးမုံ

ရှေးခေတ်သုံး **ကြေးမုံ** ဟူသော ဝေါဟာရသည် ယနေ့ခေတ်၌ **မှန်** ဟူ၍ ဖြစ်လာ၏။ မှန်ခေါ်သော ထိုကြေးမုံ၏ သတ္တိကား အမှန်ကိုအမှန်အတိုင်း ဖော်ထုတ်တတ်သည်၊ အရှိကို အရှိအတိုင်း သိစေ ထင်စေ မြင်စေတတ်သည်။

ကြေးမုံပြင်ကို ကြည့်လျှင် ကြည့်သောသူ၏ အသွင်သည် ကြေးမုံထဲ၌ စွဲထင်လာ၏၊ **ဥပမာ**-မျက်လုံး ပြူးလျှင်လည်း ပြူးသော အလိုက်, နဖူး မောက် လျှင် လည်း မောက် သော အလျောက်, နှာရောင် ကောက် လျှင်လည်း ကောက်သော အတိုင်း ထင်လေ၏၊ ကြေးမုံကို လိမ်၍ညာ၍ လှည့်စား၍ မရ၊ မှုမမှန် ဖောက်ပြန်သော ဖြစ်ရပ်များကို ကြေးမုံက လုံးဝ လက်မခံ။

**ညောင်ကန် အရှင်ဣန္ဒက**သည် ကလောင် တချောင်းကိုင်၍ စာ-နယ်-ဇင်း တို့၌ ဆောင်းပါးပေါင်း များစွာတို့ကို ရေးလာခဲ့ရာ ထိုဆောင်းပါးများကို တပေါင်းတည်း စုစည်းလျက် "**ဗုဒ္ဓ ဓမ္မ ကြေးမုံ**"ဟူသော အမည်ဖြင့် စာအုပ်တအုပ် ရိုက်ထုတ်ရန် စီစဉ် ထား၏။

ကြေးမုံ ဟူသော ဝေါဟာရသည် မဆန်း သော်လည်း ယင်း ဝေါဟာရကို တင်စားမှု နေရာ၌ ထား၍ ကိုင်တွယ်လေသောအခါ လွန်စွာ သတိထားရ၏။ အပြောနှင့် အလုပ်

# ဤကြေးမုံ

မညီလျှင် သော်လည်းကောင်း၊ သို့မဟုတ် တင်ပြချက်များ ချို့ယွင်းတိမ်းပါး၍ အားဓာတ်လျော့နည်းခြောက်သယောင်း နေခဲ့လျှင်သော် လည်းကောင်း ကြေးမုံ၏ ဂုဏ်ကို သိက္ခာကျ အောင် ချရာရောက်သည် သာမက အမည်နာမကို အလွဲသုံးစား ပြုရာလည်း ရောက်နေတတ်၏။

ဤစာအုပ်သည် “ဗုဒ္ဓ ဓမ္မ ကြေးမုံ” ဟူသော အမည်နာမကို ခံထိုက်၍ ခံယူထား၏၊ ထိုအကြောင်းကို ကာယကံရှင် ဖြစ်သော အရှင်ဣန္ဒက၏အရည်အသွေးနှင့် လက်တွေ့ ကျင့်သုံးချက်များအရ ထင်ရှားပေ၏။

အရှင် ဣန္ဒကသည် ဝံ့ရဲ၍၊ သတ္တိပြောင်သောပုဂ္ဂိုလ် ဖြစ်၏၊ သာသနာရေးနှင့် ကြုံကြိုက်လာသောအခါ အရှင်သာရိပုတ္တရာ မထေရ်ကြီးကဲ့သို့ ဓမ္မ သေနာပတိ ဆိုစလောက် အောင် ရွံ့ ကြောက်ခြင်းကင်း, ရဲတင်းစွာဖြင့် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်လာသော ပုဂ္ဂိုလ်အဖြစ် မြင်တွေ့ကြရပြီ မဟုတ်ပါ လော။

အမှန်တရားဘက်၌ ရပ်တည်တော်မူပုံ လက်တွေ့ သာဓက သော်ကား တခါက **ဗိုလ်ချုပ်ကြီး နေဝင်း** သည် မိန့်ခွန်းမြွက် ကြားရာတွင် သာသနာရေးကိစ္စ၌ ရဟန်းတော်များသည် ခဝါ သည် အိမ်, ဆတ္တာသည် အိမ် တို့၌ ဆွမ်းမခံရ-ဟု ဗုဒ္ဓမြတ် ဘုရားက သိက္ခာပုဒ် ပညတ်တော် မူခဲ့သည်- ဟူ၍ မြွက်ကြား သွားလေသည်ကို “အဲဒါမှားတယ်ဒကာကြီး၊ ဗုဒ္ဓမြတ်ဘုရားက ဒီလိုဟောတော် မမူခဲ့ပါဘူး ဒကာကြီးရယ်” ဟူ၍ ခိုင်လုံသော အကိုးအကားများနှင့် တကွ ခြေခြေမြစ်မြစ် ရဲရဲ တောက် တောက်ပြ ဝေဘန်တော်မူလိုက်ရာ ထိုဝေဘန်ချက်ကို “တပည့်

ဤကြေးမုံ

တော် မှားသွားပါသည်''ဟူ၍ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း အနှုးအညွတ် ဝန်ခံ၏၊ ဤသည်ကို ထောက်ခြင်းအားဖြင့်ပင် အရှင်ဋ္ဌနန္ဒက၏အမှန်တရားနှင့်အရည်အသွေးကို ရိပ်စားမိနိုင်၏။

အမြွက်မျှ ပြရပြန်သော် ဤစာအုပ် တနေရာဘွင် အပြစ်နှင့် ပတ်သက်ခန်းကို ပြဆိုရာ၌ "**နတ္ထိ ဒေါသ သမော ကလိ**" ဟူ၍ ဘုရားဟောတော်မူချက်ကို အရှင်ဋ္ဌနန္ဒက က "ဒေါသလောက် ညစ်စုတ်တဲ့ အပြစ်မည်သည် မရှိ''ဟု မြန်မာဆန်ဆန် သိလွယ် အောင် အနက် ပြန်ဆိုထားခြင်း၊ ဆင်းရဲဒုက္ခနှင့် ပတ်သက်၍ ပြဆိုခန်း၌လည်း "နတ္ထိ ခန္ဓ သမာ ဒုက္ခာ'' ဟူ၍ ဗုဒ္ဓမြတ် ဘုရား၏ မိန့်မြွက်ချက် ဓမ္မစကားကို "ခန္ဓာရှိ သူတိုင်း ဒုက္ခိတ သမားချည်းဘဲ''ဟု တိုတို ရှင်းရှင်းနှင့် ဘွင်းဘွင်း အနက် ဖွင့်ပြတော် မူခြင်းများကို တွေ့ရ၏၊ ဗုဒ္ဓ၏ဆိုလိုချက် အာဘော် ကို အသိသက်သာစွာဖြင့် မိအောင် ပြဆိုထားခြင်းပင်တည်း။

ပစ္စုပ္ပန်, သံသရာ နှစ်ဖြာသော ကောင်းကျိုးကို ပွားတိုး ဖြစ်ထွန်းစေရန်အတွက် မြွက်ကြားညွှန်ပြ ဩဝါဒ ပေးခဲ့သော ဗုဒ္ဓမြတ်ဘုရား၏ဓမ္မအသွင်သည် ဤကြေးမုံပြင်ဝယ် တလွင်လွင် ကွန့်မြူးလျက် ရှိနေခိုက်တွင် သိထိုက် မြင်ထိုက် သူများအဖို့ အခွင့်ကောင်း ဆိုက်လာသည်ဟူ၍ပင် ဆိုရမည်ဖြစ်ပါသတည်း။

ဒဂုန် ဦးစန်းငွေ

၂၆-၁-၇၃

ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | ဘဝဟစ်တိုင်နှင့် ပတ်သက်၍ | .... | ၁ |
| ၂ | သူ့ဒုက္ခကိုယ်မသိ ကိုယ့်ဒုက္ခသူမသိ | .... | ၅ |
| ၃ | ဒုက္ခဟူသည် .... | .... | ၉ |
| ၄ | ဒဟတ်ပန်းနှင့် ရင်ခတ်ပန်းတို့ လန်းဆန်းရာ .... | .... | ၁၃ |
| ၅ | တောကို အထင်မသေးပါ | .... | ၁၆ |
| ၆ | အသေထွက် ထွက်လာရပါတယ် | .... | ၂၁ |
| ၇ | ဝေါဟာရ အသွယ်သွယ် | .... | ၂၄ |
| ၈ | ထွန်းသစ်ဦးမည့် ရေနံချောင်းမြို့ လယ်ပေါ် တန်ဆောင်းကြီး | .... | ၂၉ |
| ၉ | ပင်းစက္ကလံပသို့ တခေါက် | .... | ၃၄ |
| ၁၀ | ညောင်ကန် သားလား, ဒန်းတိုင် သားလား .... | .... | ၄၀ |
| ၁၁ | သစ်တပင်ကောင်း ငှက်တသောင်း ခိုရ .... | .... | ၄၇ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂ | ပခုက္ကူမြို့ မဟာဝိသုတာ ရာမ ပရိယတ္တိ ပင်မကြီး၏ ကိုင်းကြီးတကိုင်း ကျိုးခဲ့ရလေပြီ တကား .... | ၅၀ |
| ၁၃ | တရားဟောရင်း ကြုံ သာသနာ့ ဒီပါရုံ .... .... | ၆၆ |
| ၁၄ | ခမ္မတီး မြို့မ ကျောင်း၏ အရုဏ်တက်ချိန် .... .... | ၇၀ |
| ၁၅ | တောင်ထိပ် ပန်းဥယျာဉ်များ၏ ပင်မ ပန်းဥယျာဉ်ကြီး .... | ၇၆ |
| ၁၆ | လုပ်ချင်တာကို များများမလုပ်ရသေးခင် .... .... | ၈၅ |
| ၁၇ | မဟာစည်ဆရာတော်ဘုရား တရားဟော ကြွခါနီးဝယ် .... | ၉၁ |

# ညောင်ကန် အရှင်ဇနက

၏

# ဗုဒ္ဓ ဓမ္မ ကြေးမုံ

---

## ၁။ ဘဝဟာ့စ်တိုင်နှင့် ပတ်သက်၍

"ဘာကိစ္စ လာခဲ့သလဲ ဒကာစိုး"

"နက်ဖြန်ခါ ဇူလိုင်လ ၁၉-ရက်နေ့မို့ ဆွမ်းစားပင့် လာပါတယ် ဘုရား"

၁၉၆၉-ခု ဇူလိုင်လ ၁၉-ရက်နေ့ ဖြစ်သည်၊ မန္တလေး ဗဟိုမီးသတ်မှ ဒကာကြီး ဦးစိုးအောင်သည် ယောဂီဟောင်းကြီး ဖြစ်သည့်အားလျော်စွာ ဘုန်းကြီးတို့ စိန်ပန်းရိပ်သာသို့ မကြာ မကြာ လာလေ့ ရှိသည်။ သူ လာတိုင်း လာတိုင်း ပင် ထိုအကြောင်း ဒီအကြောင်း လေးများကို ဘုန်းကြီးနှင့် ဆွေး နွေးမိကြပြီး နောက်ဆုံးတွင် ဗုဒ္ဓသာသနာရေး ကိုသာ ရောက် ရောက်သွားတတ်ချေသည်။ ယခုလည်း သူသည် ဟိုဟိုသည်သည်

အကြောင်းလေးများကို လျှောက်ထားနေရာမှ သူဖတ်ခဲ့ရသော စာအုပ်ကြီး တအုပ်အကြောင်းကို ရောက်လာချေပြီ။

"အရှင်ဘုရား၊ သခင် သန်းထွန်း ၏ နောက်ဆုံးနေ့များ ဆိုတဲ့ စာအုပ်ကြီးကို ဖတ်ပြီး ပါပြီလား ဘုရား"

"ဘုန်းကြီးတို့ လဲ တရားဟော တရားပြဘို့ရာ အတွက် တရားစာအုပ်ကြီးတွေ ထဲမှာဘဲ နစ်မြုပ်နေတာနဲ့ ဘာဘာ ညာညာ ခေတ်စာအုပ်တွေဖက်ကို မျက်နှာ မလှည့်နိုင်ပါဘူး ဒကာစိုးရယ်"

"ဒီလိုဆိုရင် အရှင်ဘုရားတို့ ဟောတဲ့ တရားတွေဟာ ခေတ်လူတွေ နားနဲ့ ဝင်ဆန့်မှ ဝင်ဆန့်ပါ့မလား- ဘုရား"

"ဒီသိုဆို လုပ်စမ်းပါအုံး ဒကာကြီးရယ်၊ အကြံညာဏ် လေး ဘာလေး ပေးစမ်းပါအုံး"

"တပည့်တော် ကတော့ ဒီလိုဖြစ်စေချင်တယ်၊ ကိုယ့်စာအုပ် ကြီးတွေကိုချည်း ကုန်းကုန်းကြည့်ကြည့် မနေဘဲ ခေတ်စာအုပ် ကလေးတွေ ကိုလဲ ကြား ညှပ်ညှပ် ကြည့်ပြီး ခေတ်လူတွေ နားနဲ့ဝင်ဆန့်အောင် အသက်သွင်း အကွက်ရိုက် ဟောစေချင် တယ် ဘုရား"

"ကောင်း ပါပြီ- ဒကာကြီး၊ ဘုန်းကြီး တို့လဲ ကြိုးစား နေတာ ကြာပါပြီ၊ ဒါပေမဲ့ ကိုယ့်စာအုပ်ကြီးတွေ ထဲကလဲ ပိုင်ပိုင်နိုင်နိုင် ထုတ်နုတ်နိုင်အုံးမှ နေရာကျမှာကိုး၊ ကဲပါလေ- ဒကာစိုး လျှောက်တဲ့အတိုင်း ဖြစ်အောင် အချိန်အားမထားဘဲ ကြိုးစားပါအုံးမယ်။ ဒါနဲ့ ခုနင်က ဒကာကြီး လျှောက်တဲ့ စာအုပ်ကြီးထဲမှာ ဘာတွေများ ပါလို့တုံး"

"အဲဒီ သခင်သန်းထွန်း၏နောက်ဆုံးနေ့များ ဆိုတဲ့ စာအုပ်ကြီးထဲမှာ "ဘဝဟာစ်တိုင်" ဆိုတဲ့ ကဏ္ဍပါတယ် ဘုရား့၊ အဲဒီ ဘဝဟာစ်တိုင် ဆိုတာရဲ့ အဓိပ္ပါယ်က ကိုယ့်ဘဝ နောက်ကြောင်းမှ မကျေနပ်စရာတွေကို တွေးရမယ်၊ အဲဒီလို တွေးပြီး ကိုယ့်ဘဝရဲ့ အဆင်မပြေမှုတွေဟာ ဘယ်သူတွေကြောင့် ဖြစ်ရတယ် ဆိုပြီး အဲဒီပုဂ္ဂိုလ်တွေအပေါ်မှာ နာကျည်းမုန်းတီးရမယ်၊ ဘယ်လောက် အထိ မုန်းတီးရမလဲ ဆိုယင် ထွက်ပေါက်မရှိရလောက်အောင် စွဲချက်တင်ပြီး မုန်းခြင်းရဲ့ အထွဋ်အထိပ်ရောက်အောင်ကို မုန်းရမယ်၊ အဲဒီ မိမိစွဲချက်တင်ပြီး ဆုံးဖြတ်ထားတဲ့ အမုန်းခံ ပုဂ္ဂိုလ်တွေကို မသေမခြင်း သတ်ပစ်ရမယ်တဲ့ ဘုရား"

"ဆက်ပါအုံး ဒကာကြီး"

"အဲဒီတော့ သူတို့ ဘဝဟာစ်တိုင် ဆိုတဲ့ ဝါဒကြီးက ဒေါသမီး အကြီးအကျယ် တောက်တဲ့ဝါဒကြီးပေါ့ ဘုရား"

"အင်း- ဘုန်းကြီးတို့ ဗုဒ္ဓကတော့ လောကီရေးဘဲ ဖြစ်ဖြစ်၊ လောကုတ္တရာရေးဘဲ ဖြစ်ဖြစ် ဒေါသနဲ့ လုပ်တဲ့ အလုပ်ကို မကြိုက်ဘူး- ဒကာကြီးရဲ့"

"ဆက်မိန့်ပါအုံး- ဘုရား"

"သြော်-ဘုန်းကြီးတို့ မြတ်ဗုဒ္ဓက 'နတ္ထိ ဒေါသ သမော ကလိ' ဒေါသလောက် ညစ်စုတ်တဲ့ အပြစ် မရှိဘူး-တဲ့၊ ဒေါသအခြေခံတဲ့ အလုပ်၊ ဒေါသ အားပေးတဲ့ အလုပ်ဆိုရင် ဘယ်အလုပ်မှ မဖြူစင် မကောင်းမြတ်ဘူး ပ"

"မှန်ပါ့ဘုရား"

"နောက်ပြီး- 'ဒေါသော အတ္ထံ န ဇာနာတိ' ဒေါသမီး တောက်သူဟာ အကောင်းအဆိုး အကြောင်း အကျိုး အမှန် အတိုင်း မသိတတ်ဘူးတဲ့၊ ဒေါသ အခြေခံပြီး ဒေါသ အား ပေးတဲ့ ဝါဒမှန်သမျှ မျက်ကန်း လမ်းသွားသလိုပါတဲ ဆိုပါ တော့ ဒကာကြီးရာ"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီတော့ ဘုန်းကြီးအနေနဲ့ကတော့ ဒကာကြီးပြောတဲ့ အဲဒီ စာအုပ်ကြီးထဲက ဒေါသကြီးတဲ့ မျက်ကန်းဝါဒမျိုးတွေ လူအများထံကို မကူးစက် မကြီးပွားပါစေနဲ့၊ အရာရာမှာ အပြစ်ကင်းပြီး ကောင်းကျိုး ချမ်းသာ ပွားစေနိုင်တဲ့ မေတ္တာ အခြေခံတဲ့ တရားတဲ့ ဝါဒများသာ ဖြစ်ပေါ်တိုးတက်ကြီးပွား ပါစေလို့ ဆုတောင်းပါတယ် ဒကာကြီးရာ"

"သာဓု-သာဓု-သာဓုပါ ဘုရား၊ ကဲ- တပည့်တော်လဲ ကိစ္စတွေ ရှိသေးလို့ ပြန်အုံးမယ် ဘုရား"

---

ဗုဒ္ဓဓမ္မလောက စာစောင်၊ အတွဲ ၁၅၊ ၁၃၃၁ ခု၊ သီတင်း ကျွတ်လကွယ် တနင်္ဂနွေနေ့ ၃၁-၇-၁၄ (၉-၁၁-၆၉)အမှတ်-၂၄- ထုတ်။

## ၂။ သူ့ဒုက္ခ ကိုယ်မသိ၊ ကိုယ့်ဒုက္ခ သူမသိ

### ခန္ဓာရှိသူတိုင်း ဒုက္ခိတသမားချည်းဘဲ

တချို့က "ဩော်-ဒုက္ခ-ဒုက္ခ လောကမှာ ငါ့လောက် ကံဆိုးပြီး ဒုက္ခရောက်တဲ့သူ မရှိပါဘူးလို့" ငြီးတွားတတ်ကြတယ်၊ အဲဒီလို ငြီးတွားသူတွေဟာ "နတ္ထိ ခန္ဓ သမာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ- ခန္ဓာနှင့် တူသော ဆင်းရဲသည် မရှိ၊ အားလုံးသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏"လို့ မြတ်ဘုရား ဟောကြားထားတဲ့ တရားတော်တွေကို သတိ မပြုမိကြလို့ ငြီးတွားနေကြတာဘဲ။ တကယ်ဆိုတော့ သင်္ခါရ အတိပြီးတဲ့ ခန္ဓာရှိသူတိုင်းဟာ ဆင်းရဲသူ ဆင်းရဲသား ဒုက္ခိတသမားချည်း ပါဘဲ။ ဒီနေရာမှာ ဘုန်းကြီးက သူ့ဒုက္ခ ကိုယ်မသိ၊ ကိုယ့်ဒုက္ခ သူမသိ ဖြစ်နေကြလို့ပါ၊ တကယ်တော့ အားလုံး ဒုက္ခ သည်တွေ ချည်း ဖြစ်ကြပါတယ်- ဆိုတဲ့ အကြောင်းကို သရုပ်ဖော်ထားတဲ့ သက္ကတ ပုံပြင်လေးတခုကို ထုတ်ပြပါဦးမယ်၊

### သက္ကတပုံပြင်

အဲဒီ ပုံပြင်ရဲ့ ခေါင်းစဉ် ကတော့-- "ဆုံနှင့် စည်တို့ရဲ့ အကြောင်း"တဲ့- ဆုံ ဆိုတာ စပါးစသည်တို့ကို ထည့်ထောင်း

ခံရတဲ့ အရာဝတ္ထုဖြစ်တယ်၊ စည် ဆိုတာ ကြားရသူအပေါင်း နားဝင် ကောင်းအောင် အတီး အခပ် ခံရတဲ့ အရာဝတ္ထု တခု ဖြစ်ပါတယ်၊ တခါတုံးက အိမ်တအိမ်မှာ ဆည်းကပ် ကိုးကွယ်တဲ့ ပွဲသဘင်အတွင်း ညဥ့်အချိန်တွင် စည်ကိုဆုံတခုရဲ့ အနီးမှာ ထားပါတယ်၊ စည်က သူ့အနီးမှာ သူ့မိတ်ဆွေ ဆုံကို မြင်တော့ ကျန်းမာခြင်းကို မေးချင်တာနဲ့ အဲဒီ ဆုံနဲ့ စကားပြောတယ်။

စည်က စပြီးတော့ "အဆွေ- အရှင်ဟာ ကျန်းမာပါရဲ့ လား၊ အရှင့်ဆီမှာ ဘာသတင်းထူးလေးများ ရှိပါသလဲ" လို့ မေးတယ်။

အဲဒီတော့ ဆုံက "အဆွေရယ်- ဒီအရပ်မှာ ကျွန်ုပ်က လွဲယင် အားလုံး ကျန်းမာကြတဲ့ သူတွေချည်းပါဘဲဗျာ၊ ကျွန်ုပ်ဟာ အလွန်ကံဆိုးပါတယ်"လို့ ဖြေတယ်။

အဲဒီတော့ စည်က "ဘာလို့ သင်က ကံဆိုးရသလဲ၊ သင့်ရဲ့ ကံဆိုးတာက ဘာလဲ"လို့ မေးပြန်တယ်။

အဲဒီတော့ ဆုံက "အဆွေရယ်- ကျွန်ုပ်ဖြင့် ဘယ့်နှယ်ပြော ရမှန်းတောင် မသိပါဘူးဗျာ၊ ဒါပေမဲ့ ပြောပြနိုင်သလောက် တော့ ပြောပြပါ့မယ်၊ နားသာထောင်ပါ၊ ကံဆိုးသူ ကျွန်ုပ် ခေါင်းပေါ်မှာ စပါးတွေကို ထားပြီး မိန်းမတွေကရော ယောကျ်ားတွေကပါ ကျွန်ုပ်ကို ကျည်ပွေ့နဲ့ မငဲ့မကွက် ရက်ရက် စက်စက် ထောင်းထု ရိုက်နှက်ကြပါတယ်၊ တချို့ကများ သစ်သားကျည်ပွေ့နဲ့တောင် မက သံကျည်ပွေ့နဲ့လဲ ထောင်း

ထု ရိုက်နှက်ကြသေးသဗျာ့၊ ဒီလိုဘဲ နေ့စဉ်နေ့တိုင်း ဆိုသလို များများကြီး နှိပ်စက်ခြင်း ဒဏ်ကို ခံစားနေရပါတယ်။ ဒီ ကျွန်ုပ်ခံစားနေရတဲ့ ဆင်းရဲထက် ဆင်းရဲတဲ့ လွန်လွန်ကျူးကျူး ဆင်းရဲဟာ ရှိနိုင်ပါသေးသလား- အဆွေရာ" လို့ ပြောပြတယ်။

အဲဒီ တော့ စည်က "အဆွေ- အဆွေမှာ ဒါလောက် ဆင်းရဲတာလေးကိုများ ဘာလုပ် ကျွန်ုပ်ကို လာပြောနေရတာလဲ၊ ကျွန်ုပ်ဟာ သင့်ထက်ပင် ကံဆိုးပါသေးတယ်၊ သင့်ကို ဦးခေါင်းမှာသာ လွန်လွန်ကျူးကျူး သောင်းထု ရိုက်နှက် ခံရရုံရှိသေးတာဘဲ၊ ကျွန်ုပ်ကို များဗျာ အရိုက်အနှက်မှာ အစွမ်းထက်ကြတဲ့ လူတွေက နံပါးနှစ်ဖက်တွေကိုလဲ လက်နဲ့ ရိုက်နှက်ကြတယ်၊ အထူးသဖြင့် မင်္ဂလာဆောင်ပွဲတို့ ဘာတို့မှာ ဆိုရင် လူပုံအလယ်မှာ ပြင်းပြင်းထန်ထန် ရိုက်နှက်ပြီး မထေမဲ့မြင် ပြုကြသေးတယ်၊ တယောက်တလေကမှ ကျွန်ုပ်ကို စိုးရိမ်သောက မဖြစ်ကြပါဘူး၊ တကယ်ဆိုတော့ အားလုံးပရိသတ်တွေဟာ တရွှင်ရွှင် တပြုပြု ခေါင်းတလှုပ်လှုပ်နဲ့ ကျွန်ုပ်ကို ရိုက်နှက်နေတာကို သဘောတွေ့ မနေသာခွေ့ နေကြတယ်" လို့ သူက ပိုပြီး ကံဆိုးနေကြောင်းကို ပြောပြန်တယ်။

အလိုလေး- ဘယ်သူဘဲ ဖြစ်ဖြစ် ကံဆိုးခြင်း အခိုက်အတန့်ဟာ ရှိနေတာပါဘဲလား၊ ဟုတ်ပါတယ်၊ လောကမှာ တယောက်သော သူရဲ့ ဒုက္ခကို တယောက်သော သူဟာ မသိပါဘူး၊ အဲဒါ သက္ကတ ပုံပြင်လေးပါဘဲ။

## ကံဆိုးဒုက္ခ တွေ့ကြုံလာရင်

အဲဒီတော့ ဘယ်သူမဆို ကိုယ့်မှာ ကံဆိုးဒုက္ခ တွေ့ကြုံလာယင် ငါ့မှာသာ ကံဆိုးတာ မဟုတ်ဘူး၊ သူများတွေမှာလဲ ငါ့လို ကံဆိုးတာဘဲလို့ စိတ်ကို ဖြေပြီး ဒုက္ခကို သည်းခံကြရမယ်၊ ငါ့မှာသာ ကံဆိုးလေခြင်းလို့ စိတ်ဓာတ် မကျရဘူး၊ တကယ်ဆိုတော့ ကံဆိုး ဒုက္ခကင်းပြီး ငြိမ်းအေးခြင်းကို လိုလားသူတိုင်းဟာ နိဗ္ဗာန် မြန်မြန်ရောက်အောင် သတိပဋ္ဌာန်တရားကို ကြိုးစား အားထုတ်သင့်ကြပါတယ်၊ အားထုတ်နိုင်ကြပါစေလို့လဲ ဘုန်းကြီးက ဆုတောင်းပတ္တနာ ပြုပါတယ်၊

ဗုဒ္ဓမဂ္ဂ လောက စာစောင် အတွဲ (၁၅)၊ ၁၃၃၁ ခု၊ နတ်တော်လဆန်း(၈)ရက်၊ ဗုဒ္ဓဟူးနေ့(၁၇-၁၂-၆၉)၊ အမှတ်(၂၉)။

## ၃။ ဒုက္ခဟူသည်

အချိန်မှာ ၁၃၃၁–ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်နေ့၊ ညနေ ၃–နာရီ အချိန် ဖြစ်ပါတယ်၊ စာရေးသူဟာ ရန်ကုန်မှ ကြွလာတဲ့ အာဂန္တုဘုန်းကြီးက အဖော်ခေါ်တာနဲ့ မန္တလေးမြို့ ဓားတန်းရပ် အိမ်တအိမ်သို့ ရောက်သွားပါတယ်၊ အိမ်ကတော့ တမံသလင်းခံ နံရံကပ် နှစ်ထပ်အိမ်ကလေးပါ၊ စာရေးသူတို့ ရောက်ကြတယ် ဆိုရင်ဘဲ အိမ်ရှင်ဒကာကြီးက ခရီးဦးကြိုနေရာ ထိုင်ခင်းပေးပြီး အိမ်သားအားလုံးက စာရေးသူတို့အား ရှိခိုး ကြပါတယ်၊ သူတို့ အိမ်မှာ အသက် ၅၀–ကျော် ၆၀ အရွယ် ဒကာကြီးက တယောက် ဒကာမကြီးက တယောက်၊ အသက် ၃၀–ခန့်ရှိဒကာမက တယောက်၊ မဘ်တတ်ပြေးကလေးငယ်က တယောက် အားလုံးပေါင်း ၄–ယောက် တွေ့ရပါတယ်၊ ခဏကြာအောင် အလ္လာပ သလ္လာပ စကား ပြောဆိုကြပြီး နောက် ဒကာမကြီးတယောက်သာ စာရေးသူတို့ အနားမှာ ကျန်ရစ်ပြီး အိမ်သားအားလုံး အိမ်မှုကိစ္စတွေကို လုပ်နေကြ ပါတယ်။

စာရေးသူနဲ့အတူ ကြွလာတဲ့ အာဂန္တုဘုန်းတော်ကြီးက ဒကာမကြီးနှင့် စကားပြောနေကြပါတယ်။

“ဒကာမကြီးတို့ အခု ဘာများ လုပ်ကိုင် စားသောက် နေကြပါသလဲ”

"မြင်တော်မူတဲ့ အတိုင်း ဆီ ရောင်းစား နေကြရ ပါတယ် ဘုရား၊ အရင်က ဘုန်းကြီးတပည့် တပည့်တော်မနဲ့သား ရှိတုန်းကတော့ သူက ဘီအေ အောင်ပြီး ကျောင်းဆရာလုပ်ကျွေးတယ်၊ လခကလဲ တလ ၃၀၀–ဆိုတော့ အေးအေးဆေးဆေး ချောင်ချောင် လည်လည် စားနိုင်သောက်နိုင်တာပေါ့ ဘုရား၊ အခုတော့ သူဆုံးသွားကတည်းက လုပ်မိလုပ်ရာ ဆိုတာလို ဆီဘဲ ရောင်းစားနေရပါတယ် ဘုရား"

"ဩ–ဒကာမကြီးသား ဆုံးသွား တာက ဘယ် လောက်ကြာပြီလဲ ဒကာမကြီးရဲ့"

"အခါလည်ကျော်ပါပြီ ဘုရား၊ တပည့်တော်မ သားက အရှင်ဘုရားသိတော်မူတဲ့အတိုင်းဘဲ လိမ်လဲ လိမ္မာတယ်၊ ရိုးလဲ ရိုးသားတယ် ဘုရား၊ အလုပ်လျှောက်တာတောင်မှ မန္တလေး မြို့ပေါ်မှာ ရနိုင် ရက် သားနဲ့ မြို့ပေါ်မှာ မလျှောက် ဘူး၊ မတ္တရာမှာ လျှောက်တယ်၊ အခွင့်အရေးယူရာ ကျနေမှာစိုးလို့တဲ့ ဘုရား"

"ရိုးသားတဲ့ လူဆိုတာ ဒီလိုဘဲ ဒကာမကြီးရဲ့"

"နောက်ပြီး သူ့ဟာက လူ့လောက ရောက်လာပြီး သားနဲ့ မယားနဲ့ အလုပ်နဲ့ အကိုင်နဲ့ ရပ်တည်နေမယ်မှ မကြုံသေးဘူး ဆုံးသွားတာက အရင်ကိုး ဘုရာ့၊ မနှစ်က ကဆုန်လမှာ မင်္ဂလာ ဆောင်တယ်၊ ပြာသိုလမှာ ဆုံးသွားတယ်၊ ခုနင်က ကလေးမနဲ့ သူငယ်လေးဟာ တပည့်တော်မ သားရဲ့ အိမ်သူနဲ့ ရင်သွေးလေးဘဲ ဘုရာ့၊ သမီး ချွေးမလေးကလဲ သူ့အိမ်ကို

မပြန်ရှာပါဘူး၊ တပည့်တော်မနှင့်ဘဲ အတူ နေရှာပါတယ်၊ တပည့်တော်မ ကလဲ သူတို့ကိုဘဲ သေသွားတဲ့ သားအစား အားထားရတော့မှာပါဘဲ ဘုရား၊ တပည့်တော်မ ကံကလဲ ဆိုးကို ဆိုးပါတယ်”

“ဒုက္ခဘုံထဲ ရောက်လာကြတော့ ဒုက္ခတော့ ရောက်ကြရတာပ၊ ဒါပေမဲ့ ဒကာမကြီးဟာ ဒကာမကြီးထက် ကံဆိုးတဲ့ လူတွေနဲ့စာယင် အလွန် ကံကောင်းပါသေးတယ်၊ ဒကာမကြီးမှာ ဒကာကြီးလဲ ရှိသေးတယ်၊ နောက်ပြီး သမီး ချွေးမနဲ့, မြေးနဲ့, အလုပ်အကိုင်နဲ့,နေစရာ အိမ်နဲ့, စားစရာ အစားအစာနဲ့ အားထားစရာတွေ အများကြီး ရှိပါသေးတယ်”

“ဘုရား လက်ထက်တုံးက ဒကာမကြီးတို့ ကြားဘူးတဲ့ ပဋာစာရီတို့များ သားသေ လင်ဆုံး ဆွေမျိုးတွေလဲဆုံး နေအိမ်လဲပြို၊ လူလဲ အရူးဘဝ ရောက်လောက် အောင်ပင် ဒုက္ခများရှာတာဘဲ၊ အခု မျက်မှောက် ခေတ်မှာလဲ ခေတ်သစ်ပဋာစာရီ ခေါ်လောက်တဲ့ ကံဆိုးသူတွေ ဒုနဲ့ဒေးပါ၊ အဲဒီကံဆိုးသူတွေနဲ့ စာယင် ဒကာမကြီးက အလွန်ကံကောင်းသူပါဘဲ၊ အဲဒီပဋာစာရီဆိုရင် ဒါလောက် ဒုက္ခရောက်နေပေမဲ့ ဘုရားမြတ်ရဲ့ တရားကို နာရတာနဲ့ အရူးလဲ ပျောက်၊ နိဗ္ဗာန်လဲ မျက်မှောက် ပြုသွားနိုင်ခဲ့သေးတယ်။ ဒကာမကြီးက သူ့လောက်မှ ကံမဆိုးသေးတာ တရားနဲ့ဖြေယင် ပြေနိုင်ပါတယ်။ ငါဟာ ကံမဆိုးသေးဘူးလို့ အားတင်းပြီး ဒုက္ခကို မောင်းနှင် ထုတ်နိုင်အောင် ကြိုးစားပါ”

“မှန်ပါ ကြိုးစားပါ့မယ်ဘုရား”

၉၂၂၈

အဲဒီလို အိမ်ရှင်ဒကာမကြီးနဲ့ အာဂန္တုဘုန်းကြီးတို့ စကား ပြောတရားဟောနေစဉ် ဆီပေပါ လာပို့သူ လှည်းဆရာက....

"ကျုပ် လာမပို့ယင် မဖြစ်လို့သာ လာပို့ရတာဗျ၊ ကျုပ် မှာလဲ နှမ်းအိတ်သယ်တုန်း အိတ်ပုံကြီး ပြိုကျပါလို့ အိတ်အလုံး ၂၀–လောက် အောက်က ဆွဲထုတ် ခံထားရတာ၊ ကံကောင်းလို့ မသေတယ်"လို့ ပြောရင်း ဆီပေပါကို အိမ်ထဲ ရောက်အောင် ကျွမ်းကျင်စွာ ပို့သွားလေသည်။ အိတ်ပိခံထားရတဲ့ သူ့ ခြေသောက်မှာ ယောင်ရှလျက်ရှိပြီး ခြေထောက်ကလဲ ထော့နဲ့ ထော့နဲ့ နဲ့ ဖြစ်နေတာကို တွေ့မြင်ရတယ်။

စာရေးသူတို့လဲ အိမ်ရှင်များကို နှုတ်ဆက်ပြီး ပြန်လာကြ တယ်။

ဒီမြင်ကွင်းတွေကို မြင်ရတော့ စာရေးသူ၏ စိတ်ထဲမှာ "ကြောင်ဒုက္ခဟူသည် သူ့ကို လက်ခံထားသူတိုင်းအား အခွင့် သာတိုင်း နှိပ်စက်တတ်တဲ့ သဘောပါလား"လို့ တွေးမိတယ်။

---

ဗုဒ္ဓ ဓမ္မ လောက စာစောင် အတွဲ-၁၅ ၁၃၃၁-ခု၊ တပေါင်း လကွယ် တနင်းလာနေ့၊ (၆-၄-၇၀) အမှတ် ၄၄ ထုတ်။

## ၄။ ဒဟတ်ပန်းနှင့် ရင်ခတ်ပန်းတို့ လန်းဆန်းရာ

သရက်မြို့ အငြိမ့်လမ်းမှ ဒကာမြနှင့် ဒကာလှတို့ ညီအကို နှစ်ဦးက သူတို့ ဥပုသ်စောင့် ရောက်လေ့ရှိတဲ့ ရေဖြူတောရ ကျောင်းကို ရောက်ဘူးအောင် ကြံရန် ဖိတ်မံကြတယ်၊ စာရေး သူဟာ သီတင်းသုံးဖော် သရက် အောင်မင်္ဂလာ အရှင်စန္ဒာ ဝရနှင့် အတူ ၁၃၂၇ ခုနှစ်၊ ကဆုန်လဆန်း ၉-ရက်နေ့က ရေဖြူ တောရကျောင်းသို့ ရောက်ခဲ့ကြပါတယ်။

ရေဖြူတောရကျောင်းဟာ သရက်မြို့ရဲ့ မြောက်ဘက် ဇော်လီ တောင်ရဲ့ အနောက်မြောက် ယွန်းယွန်း အရပ်မှာ ရှိပါတယ်၊ သရက်မြို့နှင့် လေး ငါး မြောက်မိုင်လောက် ဝေးမယ် ထင်ပါ တယ်၊ ရေဖြူတောရ ကျောင်းဟာ တောင်ကမူလေး ပေါ်မှာ တည်ရှိပါတယ်၊ အခြား တောရ ကျောင်းများလို ခမ်းနား သိုက်မြိုက်ခြင်း မရှိလှသေးပါ၊ ကျောင်းငယ် ဘုရားအို ဇရပ် ပျက်များကိုသာ တွေ့ရတယ်၊ ရောက်ဘူး ပေါက်ဘူးသော ဒကာ ဒကာမတို့က ရေဖြူတောရကို ပြုပြင်မွမ်းမံရန် အားယူ နေဆဲ ရှိကြပါသေးတယ်။

ယင်း ကျောင်းတဝိုက်မှာ အခေါင်းပေါက်နေတဲ့ ဒဟတ် ပင်နှင့် ရင်ခတ်ပန်းပင်တို့ကို တွေ့ရပါတယ်၊ လူသံဝိတ်ဆိတ် နေသော ရေဖြူတောရကျောင်းကို ငှက်သံတို့က နှိုးဆွနေကြ

ပါတယ်၊ ရေဖြူတောရကျောင်းမှာ သက်တော် ၇၉-နှစ်ရှိ တောရဆရာတော်ကြီး တပါးကို တွေ့ရပါတယ်၊ "တောက်တဲ့ ဖွတ်-၁တဲ့ သတ္တဝါတွေကလဲ ပေါတယ်၊ မြွေဆိုးကလဲ အလွန် ပေါတယ်၊ ဒါပေမဲ့ ကျောင်းမှာ ဘယ်သူက လာပြီး လွှတ် သွားမှန်း မသိတဲ့ ခွေးနှင့် ကြောင်တွေကြောင့် ကြွက်နှင့်မြွေ တွေ၏ ဘေးမှ သက်သာရရတယ်"လို့ ရေဖြူတောရဆရာတော် ကြီးက မိန့်ပါတယ်၊ ဆရာတော်ကြီးဟာ အသိုနည်းဟန် တူ ပါတယ်၊ တောဘွင်းမှာ နေပြီး မေတ္တာ ကမ္မဋ္ဌာန်းကိုလဲ စီး ဖြန်းဘယ်လို ကြားဘူးပါတယ် ဆရာတော်ရဲ့မေတ္တာအာနုဘော် ကြောင့်လဲ မြွေဘေးမှ ကင်းဟန်တူပါတယ်၊ ဒါကိုပင် "ခွေး နှင့်ကြောင်တို့ကြောင့် ကြွက်နှင့် မြွေဘေးမှ သက်သာရရ တယ်"လို့ မိန့်လိုက်ပုံကို ထောက်ယင် ဟိတ်ဟန်မလုပ်မကြွား မဝါဘဲ အသိုနည်းနည်းနဲ့ အေးအေး သိတင်းသုံးနေကြောင်း ထင်ရှားပါတယ်။

"လောကထဲမှာ ပျော်နေကြတဲ့ လောကသားမှန်သမျှတွေ ဟာ လောကကို အပြစ် မမြင်ကြဘဲ ချစ်ခင် နေကြလို့ပေါ့၊ ဒါလို လောကကို အပြစ် မမြင်ကြဘဲ လောကကို ချစ်ခင်နေ ကြသမျှ ကာလပတ်လုံး လောကသားတွေဟာ လောကထဲက ထွက်နိုင်ကြမယ် မဟုတ်ပါဘူး၊ လောကသားတွေဟာ လော ကကို အပြစ်မမြင်ဘဲ ချစ်ခင် နေကြတော့ လောကအကြိုက် လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာ တရားဆိုးတွေ နောက်ကို တကောက်ကောက် လိုက်ရင်း ကာမ, ရူပ, အရူပ- ဆိုတဲ့ လောကသုံးခွင် ဘုံပြင်ကျယ်ကြီးထဲမှာ မဆုံးနိုင် မခုန်း နိုင်ဘဲ တဲလယ်လယ် နေကြအုံးမှာပ၊ တပည့်တော်တို့တော့

ဒါတွေကို ရိပ်မိလို့ လောကသားတွေနဲ့ ဝေးရာကို ရှာဖွေပြီး လောကထဲက ထွက်ရာလမ်း တရားကို ရှာဖွေ ရှုမှတ်ရင်း တောရကျောင်း တွင်းမှာ နေရတာကဘဲ" လို့လဲ ရေဖြူတောရ ဆရာတော်က မိန့်လိုက်ပါသေးတယ်၊ စာရေးသူဟာ ရေဖြူ-တောရက ပြန်လာရင်း တွေးမိပါတယ်၊ တောထွက်လိုတဲ့ဆန္ဒ နေက္ခမေဇ္ဈာသယ ရှိတော်မူကြတဲ့ ဆရာတော်များနှင့် တောရ ပျော်မွေ့တော်မူကြတဲ့ ဆရာတော်များဟာ လောကကို အပြစ် မြင်ပြီး လောကထဲက ထွက်ရပ်လမ်းကို စူးစမ်း မျှော်မြင်တော် မူကြတာချည်းပါကလား၊ ဟုတ်ပါတယ်၊ ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီးကလဲ လောကကို ငြီးငွေ့ပြီး တောကို ခြီး ကျူးထားလိုက်တာ စိတ်ဝင်စားထားလိုက်တာက–

"ထုံးဂနိုင်ငယ်၊ စုံမြိုင်ရွက်စိပ်၊ လူမသန်းတဲ့ ဂူနန်း
ရိပ်မှာ၊ စိတ်တဖြူဖြူ၊ နိမိတ်ယူလို့၊ နိဗ္ဗူပရမွေ့၊ အမြန်
တွေ့ရအောင်၊ ဈာန်လေ့ကာ မနေစမ်းလေရ၊ ညစ်ညမ်း
တဲ့ သည်ဝသီကို၊ မကြည်ဖြို ကြာလေ မုန်းလှပေါ့၊
ဆုံးမမြင်၊ သုံးခွင်ဘုံထုက၊ ကျယ်သနှင့်....တဲ့။

---

ဗုဒ္ဓ ဓမ္မ လောက စာစောင် အတွဲ (၁၅) ၁၃၃၁-ခု၊ တန်ခူး
လဆန်း [၈] ရက်၊ အင်္ဂါနေ့၊ [၁၄-၄-၇၀] အမှတ်(၄၅) ထုတ်။

## ၅။ တောကို အထင်မသေးပါ

သို့/

နေ့စွဲ ၁၅-၈-၇၀။

ပျဉ်းမနားမြို့နယ်၊ ပြန်ကပြေးရွာ၊ မဟာသတိပဋ္ဌာန် သာသနာ့ရိပ်သာ၊ ဝေယျာဝစ္စကာရီ မတင်ငြိမ်းထံ အိတ်ဖွင့် ပေးစာ၊

ဘုန်းကြီး စာရေး ပြန်ကြားလိုက်တယ် တပည့်မ၊

တပည့်မထံက ပေးစာကို (၁၄ ၈-၇၀) နေ့က ဖတ်ရှုရဘယ်၊ သတိရကြောင်း, မေတ္တာပို့သလျှက် ရှိကြောင်း သိရလို့ များစွာ ဝမ်းမြောက် လှပေတယ်။

ဒါပေမဲ့ တပည့်မရဲ့ စာထဲမှာ မြို့က ဆရာတော်တို့ကတော့ တပည့်တော်မတို့ရဲ့ တောရိပ်သာ ဆရာတော်နှင့် တပည့်တော်မတို့လို တောသူ-တောင်သား ပေမွှားတို့ကို ဖုတ်လေတဲ့ပေပိ ရှိတယ်လို့တောင်မှ အောက်မေ့ပါရဲ့လား-ဘုရား၊ မြို့ကိုရောက်တော့ မြို့စိတ်ပေါက်ပြီး မေ့နေမှာပေါ့ ဘုရား-ဆိုတာကတော့ ဘုန်းကြီးက တောကို အထင်သေးရာ ကျနေပြီကဘဲ။

ဘုန်းကြီး တောကို အထင်မသေးတတ်ပါဘူး၊ ဘုန်းကြီးကိုယ်ကလဲ တောသား စစ်စစ်ပါ၊ တပည့်မက ဘုန်းကြီးကို

မြို့သား ထင်နေပုံရတယ်။ များသောအားဖြင့် ဘုန်းကြီးရဟန်း တို့ ပညာရှိ ကဝိအကျော် စာဆိုတော်တို့ စစ်ဗိုလ်ကြီးတို့-စတဲ့ လူးချွန်သူတွေဟာ တောက ပေါက်ပေါက် ခဲ့ကြတာ တွေ့ပါ၊ ဘုန်းကြီးတို့ မုံရွာခရိုင် ဘုတလင်မြို့နယ် တလျှောက်ရှိ ကျေး ရွာကလေးတွေကိုဘဲ ကြည့်စမ်းပါဦး၊ သလ္လာဝတီ ချင်းတွင်း မြစ် ကမ်းဦးထိပ်တွင် တည်ရှိတဲ့ မောက်တက်ရွာဆိုတာ မြဝတီ မင်းကြီး ဦးစနဲ့ ဇာတိဘဲ၊ မောင်းထောင်ရွာ ဆိုယင် မောင်း ထောင် သာသနာပိုင် ဆရာတော်တို့၊ သံချိုဘုရင် ဦးကျော်လှ တို့ရဲ့ မွေးရပ်မြေပေါ့၊ နောက် ဘုတလင်နဲ့ မဝေးကွာလှတဲ့ ငပုရင်း ကျေးရွာ ဆိုတာ ကမ္ဘာကျော် (သေနာပတိ) စစ်ဗိုလ် ချုပ်ကြီး မဟာ ဗန္ဓုလရဲ့ ချက်သိုရာ ရွာပ၊ ဘုန်းကြီးတို့ ညောင်ကန်ရွာ တရွာထဲမှာပင် ထင်ရှားကျော်ကြားတဲ့ ဆရာ တော် တကျိပ်နှစ်ပါး ထွန်းကားခဲ့ သေးတယ်လေ၊ ဘာတဲ့- ဆောင်ပုဒ် သံပေါက်ကလေးက အဲ-အဲ-

၁။ ပျော် ညွန့် ရောင် ယာ၊ ပုံ မှတ်ပါ၊ ဆရာသခင်ဖြစ်။

၂။ ပိုး ဗုဒ် ကြီး သူ၊ ကန် မှော် ဟူ၊ ယမ်မူ တကျိပ်နှစ်။

အဲဒါ အကျဉ်းမှတ်ရန် ဆောင်ပုဒ် သံပေါက်ပ၊ ဦးပျော်, ဦးညွန့်, ဦးရောင်, ဦးယာ, ဦးသာပုံ, ဦးမှတ်ကြီး, ဦးပိုး,ဦးဗုဒ်, ဦးကျီးညို, ဦးသူ, ဦးကန်ရိုး, ဦးမှော်-လို့ ဆိုလိုတယ်ပ၊ နောက် ပြီး ဘုတလင် မြို့နယ် နတ်ရဲတောင်ရွာ ဆိုတာ သာသနာပိုင် ဆရာတော် ဦးဧယျကို မွေးဖွားခဲ့တဲ့ ရွာဘဲလေ၊ ဒါကြောင့်

ဘုန်းကြီးဟာ တောကို အထင် မသေးတတ် ပါဘူး- လို့ ပြောဒါပ။

ဘုန်းကြီးလဲ တောသားဖြစ်လို့သာပ၊ တပည့်မ ထင်သလို မတော်တဆ မြို့သားများ ဖြစ်ခဲ့ယင် တောကို အထင်သေးချင် သေးမိမှာဘဲ၊ ဟုတ်တယ်လေ၊ မြို့သူ-မြို့သား တွေဟာ များ သောအားဖြင့် တောကို အထင် သေးတတ်ကြတာ ကလား၊ ကြည့်ပါလား၊ သူတို့က ဆိုကြတယ်လေ၊ တောသားလဲဆိုသေး ရဲ့ ဗိုက်ရွှံ့တွေနဲ့-တဲ့၊ ကန်ရေသောက် မြက်ခြောက်စား ကျေး တောသား တဲ့၊ တောသား လူအ-တဲ့ စသည်စသည်ဖြင့် တော ကိုနှိမ်ပြီး ပြောတတ်ကြတယ်လေ၊ အေးလေ ပြောချင်ပြောကြ စမ်းပါစေ၊ သူတို့ဟာ တောက ထွက်တဲ့ ဆီတွေ, ဆန်တွေကို စားပြီး တောကို နှိမ်ကြ ချီးကြတာဟာ တောကို ကျေးဇူး ကန်းကြဒါလို့ ဆိုကြရမှာပ၊ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ အချို့ သော မြို့သားတွေဟာ ထနေ့တော့ ဝဋ်လယ်မှာပါ။

ခုခေတ်မှာသာ တောသားဆိုတိုင်း တောသားကို အထင် သေးတတ်ကြတာ မဟုတ်သေးဘူး၊ မင်းတုန်းမင်း ခေတ်ကလဲ မြို့သူ-မြို့သားတွေက တောသားဆိုယင် နှိမ်ချင်ခဲ့ကြ ဘူးတယ်၊ ဟုတ်တယ်လေ၊ ဒို့တောက သံချိုဆရာ ဦးကျော်လှ ဆိုတာ မန္တလေးကို တက်လာခဲ့ရာ မြို့ကလူတွေက ဆည်းနှိမ်ကြသတဲ့၊ ဦးကျော်လှဆိုတာ မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင် ရွာသားလေ၊ ၁၂၀၃-ခုနှစ်၊တပေါင်း လဆန်း ၁၄-ရက် အင်္ဂါနေ့မှာ မောင်းထောင်ရွာ အဖဦးထောင်ရိပ်၊ အမိဒေါ် သင်းဒွေးတို့မှ ဖွားမြင်ခဲ့သူပ၊ သူဟာ ၁၂၂၅ ခုနှစ်မှာ မန္တ

လေး ရတနာပုံသို့ တက်ရောက်ခဲ့ရာ အချို့ သဘင်ပညာရှင်များ က "တောက အကောင်လေး၊ ဘာစာ ရေးတတ်မှာလဲ၊ မင်း တို့ တောအရပ်ပြန်ပြီး သင့်သလို အသက်မွေး ဝမ်းကြောင်း နေချေ၊ မြို့ကြီးပြကြီးမှာ နေပြီး အသက်မွေးရန် အလှန်ခဲယဉ်း တယ်" စတဲ့ အထင်သေး ချိုးနှိမ်တဲ့ စကားတွေကို ပြောကြ သတဲ့။

အဲဒီတော့ ဦးကျော်လှက မခံချိမခံသာ ရှိလှတာနဲ့ "တော သား မြို့သား ကြီးတာ ငယ်တာ ပမာဏ မဟုတ်ပါ၊ ပညာ သာ ပမာဏ ဖြစ်ပါတယ်"လို့ ပြောပြီး ချက်ခြင်းပင် သံချို တပုဒ်ကို နီတိကျမ်းနှင့်အညီ ရေးပြီး အဦးဆုံး ဖွဲ့ဆိုပြ လိုက် သတဲ့၊ သူ့ သံချိုက–

၁။ ဌာနေ ဌာနေနှင့်၊ ပဏ္ဍိတေ မရှိကြောင်း၊ ထုံးဟောင်း ပါဠိတော်တမ်းခဲ့မယ်၊ ကျမ်းနီတိ အလာ၊

၂။ ဝနေ ဝနေ ပြောသော်လဲ၊ တောဆိုလျှင်မည်ကာပ၊ ပဏ္ဏုကာ စဏ္ဍကူး၊ ပေါက်ဖူးဗျ ကေနိသာ။

၃။ ကျေးတောနေ မြစ်နား၊ မြို့သားပင် ဖြစ်လေပြီးသော် လဲ၊ ကြီးသူနှင့် ငယ်သူမှာ၊ ပညာသာ အကြောင်း၊

၄။ သိန်း, ဒေဝိန်း, ကာမိန်းတို့ ယင်းအပေါ်၊ မင်းမဟော် သူ၏ထုံးကဲ့သို့၊ နိဂုံးဒွာသိန်က၊ သုခမိန် ဂုဏ်ရောင်မွှန်း သော်ကြောင့် ခုထက်တိုင် ဇမ္ဗူကျွန်းမှာ၊ ထွန်းရစ် စတောင်း။

အဲဒီ သံချိုကစပြီး ဦးကျော်လှဟာ သံချိုတွေကို ရေးသိုက် တာ အပုဒ်ပေါင်း ငါးရာ ကျော်သတဲ့၊ သံချိုဘုရင်လို့ ဆိုရ

လောက်အောင်ကို ကျော်ကြားခဲ့တယ်၊ ဒါကြောင့် ဘုန်းကြီးဟာ တောကို အထင်မသေးတတ်ပါဘူးလို့ ပြောရဒါဘဲ။

ကဲ- စာလဲ ရှည်သွားပြီ၊ ဝေယျာဝစ္စကာရီ မတင်ငြိမ်းနှင့် တကွ အားလုံး အားလုံး ကျန်းမာ ချမ်းသာစွာ သာသနာ ပြုနိုင်ကြပါစေ။

ညောင်ကန်-အရှင်ဣန္ဒက၊
ရတနာပုံ သာသနာ့ရိပ်သာ၊
စိန်ပန်းရပ် အနောက်ပြင်
မန္တလေး။

## ၆။ အသေထွက် ထွက်လာရပါတယ်

"မျှော်လိုက်ရဒါ ဒကာမကြီးရယ်၊ လာများမှ လာပါဦး မသွားလို့"

"တရား အားထုတ် လာရဒါများ မလွယ်လှဘူး အရှင် ဘုရား၊ ခုတောင်မှ အသေထွက် ထွက်လာရပါတယ် အရှင် ဘုရား-ရယ်"

"အလို- အသေထွက်၊ ဘယ်က ဂိုဏ်းက ဆရာနဲ့များ တွေ့ လာလို့တုံး၊ ပြောစမ်းပါဦး- ဒကာမကြီး အသေထွက်က"

"ဘယ်က ဂိုဏ်းဆရာနဲ့မှ မတွေ့ခဲ့ရပါဘူး ဘုရား၊ သား ဦးဇင်းက တရားအားထုတ်ရအောင် လာခဲ့ပါ၊ စရိတ်ထောက် ပါ့မယ်လို့ စာရေး ခေါ်တယ်။ ခုဘုံးတုံး တရား အားထုတ် သွားဦးမယ်-လို့ တပည့်တော်မက ပြောတော့ အိမ်ကလူတွေက နင်မရှိယင် မဖြစ်ဘူး၊ (အမေ မရှိယင် မဖြစ်ဘူး) ဘာဘူး ညာ ဘူးနဲ့ ဝိုင်းတားကြတယ် ဘုရား၊ အဲဒီတော့ တပည့်တော်မက ဒီလိုဆို ငါသေသွားယင် နင်တို့ ဘယ်လိုလုပ်နေရစ်ကြမလဲ-လို့ မေးရတယ် ဘုရား၊ ဒီလိုမေးတော့-သူတို့က ဒါတော့ တကယ် လို့ နင်သေသွားယင်ဖြင့် ဒို့ဖြစ်သလို နေရစ်ကြမှာပ-လို့ ပြန် ပြောကြတယ် ဘုရား၊ ဒါဖြင့် အခု ငါသေပြီလို့သာ သဘော ထားကြပေတော့၊ သားဦးဇင်း ရဟန်း (၆) ဝါရလို့ တောင်မှ

ငါ တရားအားမထုတ်ရသေးယင် ဘယ်တော့မှ အားထုတ်ရတော့မှာ မဟုတ်ဘူး–လို့ ပြောပြီး၊ ဇွတ်တရွတ် အသေထွက်–ထွက်လာရဒါဘုရာ့၊ ဒါကြောင့် အသေထွက်–ထွက်လာရပါတယ် အရှင်ဘုရားရယ်–လို့ လျှောက်ရပါတယ် အရှင်ဘုရား”

အချိန်မှာ ၁၃၂၉-ခု၊ နွေဦးတု အချိန်တုံးက ဖြစ်ပါတယ်၊ စာရေးသူ ရန်ကုန် သာသနာ့ရိပ်သာမှာ နေစဉ်တုံးက တရား အားထုတ်ရန် စာရေးပြီး ခေါ်လိုက်လို့ ရောက်ထာတဲ့ စာရေးသူ့ရဲ့ (မယ်တော်) ဒကာမကြီးက လျှောက်ထားတဲ့ စကားများကို ယခုတိုင် ကြားယောင်နေပါသေးတယ်၊ ဒကာမကြီး လျှောက်ထားတဲ့ “အသေထွက်” ဆိုဒါကိုလဲ စာရေးသူ ဆက်လက် သုံးသပ်မိပါတယ်၊ သမီး,သားရေး စီးပွားရေးတွေကို နှစ်ရှည်လများ ကြိုးစားအားထုတ်ပြီး နေနိုင်ကြသူတွေ များပေမဲ့ တရားအားထုတ်ရန် တလ,နှစ်လလောက်ကိုမူ အချိန်ယူ အားထုတ်နိုင်သူဟာ အလွန်နဲပါးပါတယ်၊ ဘာကြောင့် ညာကြောင့် အဝှါကြောင့် စတဲ့ ကြောင့်ပေါင်းများစွာ ဆင်ခြေတက်ပြီး တရား အလုပ်ကို ရှောင်လွှဲနေတတ်ကြပါတယ်။

ဒကာမကြီးပြောတဲ့ အသေထွက်–မထွက်နိုင် သေးသမျှ ကာလပတ်လုံး တရားဘက်ကို မျက်နှာလှည့်နိုင်သူ ရှားပါလိမ့်မယ်၊ ဘယ်တော့မှ အားထုတ်နိုင်ကြမှာ မဟုတ်ပါဘူး၊ ဒီလိုနဲ့ ပြင် သေမဆုံး ဖြစ်ကြရမှာဘဲ၊ အမှန်မှာတော့ မည်သူမဆို ယခုလို ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်ကြီးနဲ့ ကြုံကြိုက်နေတဲ့အခါ အချိန်မရွေး ရှောင်တခင် သေနိုင်တဲ့ သေခြင်းတရားကို ဆင်ခြင် စဉ်းစားပြီး အမြဲတမ်း သေခြင်းကင်းရာ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့

သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို ကြိုးစားအားထုတ်ဘို့ အခွင့် မရအရေးယူပြီး အားထုတ်ဘို့ သင့်ပါတယ်၊ တရား အား ထုတ်ဘို့ အချိန်ကို နေ့ရွှေ့ ရက်ရွှေ့ ရွှေ့နေဘို့ မသင့်ပါဘူး။

ဟုတ်ပါတယ်၊ ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တ သုတ်မှာလဲ မြတ် ဘုရားက " နက်ဖြန်ခါမှာ အသက်ရှင်ဦးမည် သေရမည်ကို ဘယ်သူ မှုချ သိနိုင်ပါမလဲ ဒီလို နှလုံးသွင်း ဆင်ခြင်ပြီး ကိလေ သာဘေးကို ပူလောင် သွေ့ခြောက် ကင်းပျောက် စေတတ်တဲ့ ဝိပဿနာ တရားအလုပ် အားထုတ်မှုကို နက်ဖြန် သဘက် နေ့ ရက်မရွှေ့ ယနေ့ပင်လျှင် မဆိုင်းမရပ် ပြုလုပ်အပ်တယ်၊ နက်ဖြန် အသက်ရှင်ဦးမည် သေရမည်ကို မသိနိုင်ခြင်းနဲ့ အကြောင်းမှာ ရေ, မီး, အဆိပ်, လက်နက်, ရောဂါ စသည်ဖြင့် သေစေနိုင် ကြောင်း စစ်သည်ပေါင်း များစွာရှိတဲ့ သေမင်းလို ခေါ်ရတဲ့ သေခြင်းတရားနှင့် ငါတို့အား ရက်ချိန်း ပေးထားခြင်း တံစိုး လက်ဆောင် ပေးထားခြင်း ခုခံနိုင်အောင် စစ်သည်ဗိုလ်ပါ စုဆောင်းထားခြင်းသည် မရှိပါချေ၊ ဒါကြောင့် နက်ဖြန် အသက် ရှင်ဦးမည် သေရမည်ကို ဘယ်သူ မှုချ သိနိုင်ပါမလဲ" လို့ ဆုံးမ သတိ ပေးတော်မူခဲ့ပါတယ်။

(ဆောင်ပုဒ်)

နက်ဖြန်ရှင်မှု သေမှုသေချာ၊
ဘယ်သူမသိ သတိပြုပါ၊
ယနေ့တရား ကြိုးစား မြန်စွာ
သေမည့်ရက် ချိန်းချက် မရှိပါ။

# ၇။ ဝေါဟာရ အသွယ်သွယ်

## မိုက်ယင် တောင်ကျော် ကိုင်ရအောင် တဲ့

[ဝေါဟာရကား ကျယ်ပြန့်၏ တရပ်နှင့် တရပ် တနယ်နှင့်တနယ် သုံးနှုန်းမှုလည်း ကွဲ၏။ ဝေါဟာရ တို့၏ စီးဆင်းရာ ရေသောက်မြစ်ကား နက်ရှိုင်းလှ ပေ၏။]

မြန်မာ့ ဝေါဟာရ အဘိဓာန်ကျမ်းကြီးကို ပြုစုကြမည် ဟူသော မင်္ဂလာသတင်းကို ကြားသိရသောအခါ စာရေးသူ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ စာသင်ကြားခဲ့စဉ်က ဝေါဟာရအနက်များနှင့် ဟိုမှ သည်မှ ဝေါဟာရ အရပ်သုံး စကားတို့ကိုလည်း သတိရမိတော့၏။ ပခုက္ကူ စာချနည်းသည် နိကာယ်များကို နှံ့စပ်ပေါက်ရောက်လွယ်၍ ဝေါဟာရ ကြွယ်ဝလှသည်–ဟု ကျော်ကြားလှ၏၊

## လှည်း–ကခြင်း စသည်

စာရေးသူသည် ယင်းကျောင်းတိုက်ကြီး၌ နေခဲ့ စဉ်က ဇေယျသုခကျောင်း ဆရာတော်ထံ၌ စာသိုက်ခဲ့ဘူး၏၊ ဇေယျသုခကျောင်း ဆရာတော် ဦးဂန္ဓမာသည် "သကဋ္ဌံ–ယောဇေတွာ"ဟူသော ပါဠိကို အနက်ချပ့ိုရာ အရပ်သုံး ဝေါဟာရ

တို့ကို ဝါ-ပေါက်၍ ချပို့တော်မူ၏၊ ချပို့တော်မူပုံမှာ သကာခွံ လှည်းကို၊ ယောဇေတွာ-ယှဉ်၍ ဝါ၊ တပ်၍၊ ဝါ၊က-၍၊ ဝါ၊ ကော့၍၊ ဝါ၊ ကောက်၍-ဟု ချပို့တော်မူသည်။

ဤအနက်များအရ လှည်းသွားရန် လှည်း၌ နွားကို ယှဉ်တပ်သည်ကို စာရေးသူတို့ ဘုတလင်ဖက်က "လှည်းတပ်သည်၊ လှည်းက-သည်"ဟု သုံး၏၊ ပခုက္ကူ မြိုင်ဖက်ဆီက "လှည်းကော့သည်"ဟု ခေါ်ကြောင်း သိရ၏။ တောင်တွင်းကြီးဖက်ဆီက"လှည်းကောက်သည်"ဟု ခေါ်ဝေါ် သုံးနှုန်းကြောင်းသိရ၏။ ဤသို့ သိရလေသည်။

## တောင်ကျော်ကိုင်ခြင်း ဟူသည်

"မလ္လယုဒ္ဓံ"ဟူသောပါဠိကိုအနက်ချပို့ရာ၌လည်း မလ္လယုဒ္ဓံ-နပန်းလုံးခြင်းကို၊ဝါ နပန်းချခြင်းကို၊ဝါ-နပန်းသတ်ခြင်းကို၊ ဝါ-နပန်းကိုင်ခြင်းကို၊ ဝါ-တောင်ကျော်ကိုင်ခြင်းကို- ဟု ချပို့တော်မူ၏၊ ဤ၌ နပန်းလုံးခြင်း စသည်ကို လူတိုင်း သိနိုင်ကြသော်လည်း "တောင်ကျော်ကိုင်ခြင်း"ကိုမူ နပန်းလုံးခြင်းတို့နှင့် အဘူတူဖြစ်ကြောင်း လူတိုင်းသိနိုင်ကြမည် မဟုတ်ပေ၊ ဤတောင်ကျော်ကိုင်ခြင်း ဝေါဟာရသည် မြင်းခြံခရိုင်ဖက်က သုံးသော ဝေါဟာရ-ဟု ကြားဘူး၏။

## ရန်ပွဲက ရယ်ပွဲဖြစ်ရ

ဤ တောင်ကျော် ကိုင်ခြင်း ဝေါဟာရကို မသိ သောကြောင့် ရန်ပွဲက ရယ်ပွဲ ဖြစ်ရကြောင်း စာရေးသူ ကြားဘူး၏၊ အခါတပါး စာသင်ကျောင်းတိုက် တတိုက်၌ စကားထစ်သော

ဘုန်းကြီး ဦးညြသမနှင့် စိတ်တိုသော ဘုန်းကြီး ဦးထေ၁မန ဟူ၍ ရှိခဲ့ကြဘူးသတဲ့၊ ထိုဘုန်းကြီး နှစ်ပါးတို့သည် ဝါ ၂၀-ကျော် အရွယ်တော်ရင့်ကြပြီ ဖြစ်တော်မူကြသောကြောင့် စာသင်သားရဟန်းငယ်တို့က ထိုဘုန်းတော်ကြီး(၂)ပါး တို့ကို ဘွဲ့အမည် အဆုံးမခေါ်ကြဘဲ ဘုန်းကြီး-ညြ, ဘုန်းကြီး-ထေ၁ ဟု ချစ်စနိုးခေါ်ကြလေ၏၊

တနေ့သ၌ ထို ဘုန်းကြီးညြ နှင့် ဘုန်းကြီးထေ၁ တို့သည် တပါး တခွန်း စကားများတော်မူ၏၊ ခွန်းကြီး ခွန်းငယ် အချေအတင် ပြောရာမှ ရိုက်မည့်နှက်မည် အခြေသို့ပင် ရောက်လာကြ၏၊ ထို့ကြောင့် စာသင်သားတို့က ဖြန်ဖြေရန် ဝိုင်းဝန်း ရောက်လာကြ၏၊ ထိုစဉ် စိတ်တိုသော ဘုန်းကြီးထေ၁က-

"ဟေ့ စကားတွေ အများကြီး မပြောနဲ့ ဟေ့၊ မိုက်ယင် တောင်ကျော် ကိုင်ရအောင်"ဟု အော်၍ ပြော၏၊ ထိုအခါ စကားထစ်သော ဘုန်းကြီးညြကလည်း မခံမရပ်နိုင် ဖြစ်ကာ အသားများ ဆတ်ဆတ်တုန်လာသော်လည်း ဘုန်းကြီးထေ၁၏ စစ်ကြေညာချက် ဝေါဟာရ တောင်ကျော်ကိုင်ခြင်းကို မသိသဖြင့် အခက်ကြုံနေလေ၏။ ထို့ကြောင့် စကား ထစ်သော ဘုန်းကြီးညြက နပန်းလုံးရန် အဆင်သင့် ပြင်ဆင် နေသော ဘုန်းကြီးထေ၁ကို ကြည့်ရင်း--

"နေ-နေ-နေ-နေ -နေ-နေပါအုံး ကိုယ်တော်ရဲ့၊ တောင်-တောင်- တောင် - တောင် - တောင်- တောင်ကျော် ကိုင်တယ် ဆိုဒါ ဘာ-ဘာ-ဘာ-ဘာ-ဘာကို ခေါ်-ခေါ်-ခေါ်-ခေါ် ဒါလဲ"ဟု ပြန်မေး လိုက်ရာ ဖြန်ဖြေရန် ရောက်နေကြသော

စာသင်သားတို့မှာ ငိုအားထက် ရယ်အားသန်ဆိုဘိသို့ မပြုံးဘဲနဲ့ ဝါးလုံးကွဲ ရယ်ကြသဖြင့် ဘုန်းကြီးသြနှင့် ဘုန်းကြီးထောက်တို့လဲ ဒေါသစိတ်များ ပြေပျောက်ကြကာ ရန်ပွဲစဲ၍ ချော်လဲရာရော ထိုင် အများနှင့်ရောနှော ရယ်မောကြသော ဟူ၏။

## အောအန်နှင့် ကောကလန်

နောက်တခု ကြားဘူးသည်မှာ ရွာတရွာသို့ တနယ်သား ညွှတ်သည် လုလင်တယောက် ရောက်သွားစဉ် အိမ်ရှင် အမေက ဝေနေသော ထမင်းအိုးကို လက်ညှိုးညွှန်၍–

"ဟဲ့–ဟဲ့ သမီး ထမင်းအိုးကြီး အောအန်နေတယ်၊ ကော ကလန်နဲ့ နှိပ်လိုက်" ဟုပြောသတဲ့၊ ထိုအခါ ညွှတ်သည်လုလင်က–

"သြ–ထမင်းအိုး ဝေတာကို အောအန်တယ် လို့ ခေါ်ပြီး၊ ယောက်မ ကိုတော့ ကောကလန် လို့ ဒီ အရပ်မှာ ခေါ်ကြ သကိုး" ဟု မှတ်ချက် ချမိသတဲ့၊ ဤအသုံးကို အထက်အရပ်က သုံးသည်ဟုသာ သာမည ကြားဘူးပါသည်။

## ချောင်တစ်လစ်

စာရေးသူတို့ ဘုတလင် ဩောင်ကန်ဖက်၌ လှည်းထမ်းပိုး၊ ထွန်ထမ်းပိုး နှစ်ဖက်စွန်းတို့၌ အပေါက်နှစ်ပေါက်စီ ဖေါက်၍ အောက်သေး အထက်ကြီးတုတ်တိုကို လျှို၍ နွားဘွဲ့ကြိုးကို ထိန်းကြ၏၊ ထိုတုတ်ချောင်းကို "ထမ်းပိုးကြီးထောက်" ဟုခေါ် ဝေါ်ကြ၏။

ပခုက္ကူဖက်၌မူ "ထမ်းပိုးကျစ်" ဟု ခေါ်ကြ၍ တောင် တွင်းကြီးဖက်၌မူ "ထမ်းပိုးကြီး" ဟု ခေါ်ကြောင်းသိရ၏၊ ရှေ့တို

နယ်ရွာတရွာ၌မူ"ချောင်တစ်လစ်"ဟု ခေါ်ကြောင်း သိရပြန်သည်။ အကြောင်းမှာ အပေါ်က လျှိုသွင်းသိုက်ရာ ချောင်ကျလာပြီးမှ တစ်လစ်ကလေးနေသောကြောင့် ဟူ၏။

## ပူကယ်

နောက်တခုမှာ ထမင်းအိုး ဟင်းအိုးချရာ တည်ရာတို့၌ သုံးသော အခွက်ကို အချို့အရပ်က "လက်ခု"ဟူ၍ ခေါ်ကြ၏။ အချို့အရပ်က "လက်နှိုးစုတ်"ဟု ခေါ်၏၊ အချို့အရပ်က "ပူကယ်"ဟု သုံး၏၊ အကြောင်းမှာ ပူသောအိုးကို ကိုင်ရာ၌ မပူအောင် ကယ်သောကြောင့်ဟူ၏၊ ဤကား စာရေးသူ ကြားဘူးသိဘူးသမျှ အရပ်သုံးဝေါဟာရ အချို့တို့ ပါတည်း။

---

၁၅-၁၂-၇၁ (၁၃၃၃ ခု၊ နတ္တော်လဆုပ်(၁၃)ရက်နေ့ထုတ်၊ အိုးဝေဂျာနယ် အမှတ်(၈၁)။

# ၈။ ထွန်းသစ်ဦးမည့် ရေနံချောင်းမြို့ လယ်ပေါ် တန်ဆောင်းကြီး

ရေနံချောင်းမြို့ ဆုံတိုက်ရပ် ဓမ္မသဘင် ကျင်းပရေးအဖွဲ့မှ ပင့်လျှောက်ချက်အရ စာရေးသူဟာ ၁၃၃၂-ခု၊ ဦးတန်ခူး လပြည့်ကျော် ၁-ရက်နေ့မှ ၇-ရက်နေ့အထိ ၇-ည တိုင်တိုင်ပင် ရေနံချောင်းမြို့ ဆုံတိုက်ရပ် လယ်ပေါ် တန်ဆောင်း ဓမ္မာရုံ ကြီးတွင် သတိပဋ္ဌာန် ဝိပဿနာ တရားများကို ဟောကြားရ ပါတယ်။ညတရားပွဲမျှမက နေ့စဉ်နံနက်၇-နာရီမှ ၈-နာရီအထိ လာရောက်တရားအားထုတ်ကြသူ ယောဂီတို့အား သတိပဋ္ဌာန် ဝိပဿနာ အားထုတ်နည်းများကိုလည်း လက်တွေ့ ပြသခဲ့ရပါ သေးတယ်။

ဒီတရားပွဲကြီးကို အကြောင်းပြု ပြီးတော့ ရေနံချောင်း မြို့သူမြို့သား သူတော်ကောင်းတွေဟာ နေ့စဉ် ညစဉ် တရား နာကြ တရားအားထုတ်ကြရတဲ့အပြင် စာရေးသူ အပါအဝင် ဘုရားအမှူးရှိတဲ့ သံဃာတော်များအားလဲ ဆွမ်း၊ အဖျော် ယာမ ကာများကို နေ့စဉ်ပင် သူ့အချိန်နှင့် သူ အားတက် သရော ဆပ်ကပ်လှူဒါန်းကြရပါသေးတယ်။

## လွတ်လပ်ရေးသမိုင်းဝင် အာဂရုံခံ တန်ဆောင်ကြီး

စာရေးသူဟာ ယင်းသို့ လယ်ပေါ် တန်ဆောင်းကြီးမှာ ၇-ရက်တိုင် သီတင်းသုံးခဲ့ရာ၊ ယင်း လယ်ပေါ် ဓမ္မာရုံကြီးရဲ့ အကြောင်းကိုလည်း လေ့လာခွင့် ရခဲ့ပါတယ်၊ ဒီ လယ်ပေါ် တန်ဆောင်းကြီး မဖြစ်ပေါ် သေးခင် ၁၂၅၀-ခုနှစ်လောက် ရေနံချောင်းမြို့ ဘုရားကုန်းရွာ ပင်းချောင်းကမ်းနဖူးတွင် တည်ထားသည့် ပင်းဧက္ကလံပ စေတီတော်ရှိ ရုပ်ပွားတော်(၄)ဆူတို့တွင် ကကုသံမြတ်စွာဘုရား၏ ရုပ်ပွားတော်ကို ရေနံချောင်းမြို့ပေါ် ပင့်၍ ပူဇော်ရန် ရေနံချောင်းမြို့ ဆုံတိုက်ရပ် လယ်ပေါ် ကျောင်းတိုက်အဘွင်းမှာ ရပ်ကွက်လူကြီးများက ဦးဆောင်၍ သက်ငယ်မိုး, အသားတိုင် ကလေး များဖြင့် ဓမ္မာရုံ စတင်ဆောက်ခဲ့ကြပါတယ်တဲ့၊ အနှီ နှစ်ကပင် စပြီး အနှီနှစ် ဝါခေါင်လဘွင် ကကုသံမြတ်စွာဘုရားရဲ့ ရုပ်ပွားတော်ကို အနှီ ဓမ္မာရုံငယ် ကလေးမှာ ပင့်ဆောင်၍ ပူဇော်ပွဲ ကျင်းပခဲ့ပါသတဲ့။

၁၂၇၂-ခုနှစ်လောက်မှာ အနှီ ဓမ္မာရုံငယ်ကလေးကို ဖျက်ပြီး ပေ (၄၀)ပတ်လည် တမံသလင်းခံ သွပ်မိုး ဓမ္မာရုံ အဖြစ် ဆုံဘိုက်ရပ် ဦးပွကြီး ဒေါ်စခန်းတို့က ဆောက်လုပ် လှူဒါန်းခဲ့ကြပါတယ်၊ အနှီနောက် အနှီဓမ္မာရုံတွင် ဂန္ဓကုဋိပြာသာဒ်ဆောင်ကို ဆုံတိုက်ရပ် ဟွင်းစား ဒေါ်ရွှေသွယ်က ဆောက်လုပ်တိုး၍ လှူဒါန်း ပြန်ပါတယ်။

၁၂၈၇-ခုနှစ်မှာ အနှီ တန်ဆောင်းကို ဖျက်၍ အများ ကောင်းမှု အဖြစ်ဖြင့် ပေ ၅၀-ခန့်ရှိ တမံတလင်းခံ သွပ်မိုး

စေတီတော်ကြီးကို ဆောက်လုပ်ကြပြန်ပါတယ်၊ အနီးစေတီတော်အတွင်း မှာ ပလ္လင်သုံးခုလည်း ပေါ်ပေါက်ခဲ့ပါတယ်။

၁၃၀၂-ခုနှစ်လောက်တွင် ဒုတိယကမ္ဘာစစ်ကြီးရဲ့ ဘေး ဒဏ်ကြောင့် ရေနံချောင်းမြို့နယ်လုံး မီးဟုန်းဟုန်းတောက်ခဲ့ရာ တဆက်တည်းရှိတဲ့ တိုင်ပေါင်း တရော့ငါးဆယ်ကျော်ရှိ ဘုံသုံး ဆင့်နှင့် လယ်ပေါ်ကျောင်းကြီးအပါအဝင်ပတ်လည်ဝန်းကျင် အဆောက်အဦးများ တခုမကျန် မီးဝါးခဲ့သော်လည်း အနီး လယ်ပေါ်စေတီ တန်ဆောင်းကြီးရဲ့ အမိုး, အကာ အားလုံး သစ်သားဖြင့်သာ ဆောက်လုပ်ထားတဲ့ ဂန္ဓကုဋိတိုက်ခန်းမှာမူ မီးပုံကြီးအလယ်မှာ အံ့ဩဖွယ်ရာ ကျန်ရစ်ခဲ့ပါသတဲ့။

၁၃၀၇-ခုနှစ်တွင်မူ မူလနေရာမှာပင် သစ်သားတိုင်ငယ်ဖြင့် စေတီအသစ် တဖန်ဆောက်လုပ်ပြီး စစ်အတွင်းက ရပ်စဲခဲ့ရတဲ့ ကကုသန် ရုပ်ပွားတော် ပူဇော်ပွဲကို ဆက်လက် ကျင်းပကြပြန် ပါတယ်တဲ့။

၁၃၁၆-ခုနှစ်တွင် အနီးစေတီကို ဖျက်ပြန်၍ တိုင်ပေါင်း တရော့ငါးဆယ်ကျော်ရှိ လယ်ပေါ်ကျောင်းကြီးကို မီးလောင် သွားတဲ့ နေရာတွင် ယခုလက်ရှိ (၁၀ ပင် × ၇ ပင်) ရှိ တမံ သလင်းခံ, သွပ်မိုး လယ်ပေါ် တန်ဆောင်းကြီးကို အများ ကောင်းမှုအဖြစ် ဆောက်လုပ်ကြပြန်ပါတယ်တဲ့။

ဖော်ပြခဲ့ပြီး ဒီလယ်ပေါ် စေတီတန်ဆောင်း အဆောက်ဆက် ဟာ ကကုသန် ရုပ်ပွားတော်ရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကြီး နှစ်စဉ် ကျင်းပရုံမျှမကဘဲ စေတီကထိက အဆူဆူတို့ရဲ့ စေတီသဘင်ပွဲကြီး များ ဆင်နွှဲကျင်းပရာ ဌာနကြီးလဲ ဖြစ်ခဲ့ပါတယ်၊ နောက်ပြီး

ဗမာ့လွတ်လပ်ရေးကြီးရဲ့ မီးရှူးတန်ဆောင်ဖြစ်တဲ့ အလုပ်သမား အရေးတော်ပုံ၊ လယ်သမား အရေးတော်ပုံ၊ ကျောင်းသား အရေးတော်ပုံ၊ အမျိုးသား အရေးတော်ပုံ စတဲ့ လွတ်လပ်ရေး တိုက်ပွဲ အမျိုးမျိုးတို့ရဲ့ ပေါက်ဖွားရာ တည်နေရာ ဘူမိနက်သန် အောင်မြေမှန်တဲ့ လွတ်လပ်ရေးသမိုင်းဝင် အာရုံခံတန်ဆောင်း တော်ကြီးလဲ ဖြစ်ပါတယ်။

## အစပျိုးနေကြပြီ

ယင်း တန်ဆောင်းတော်ကြီးကို ရေနံချောင်း မြို့သူမြို့သား များ စုပေါင်း၍ ကြီးကျယ်စွာ အဖန်ဖန် ဆောက်လုပ်ခဲ့ကြပါ သော်လည်း တရားနာပရိသတ်, ဘုရားဖူးပရိသတ်နှင့် စာလျှင် လွန်စွာပင် ကျဉ်းမြောင်းနေသေးရာ ယခုအခါ–

(၁) ဂုတနာဂရိ ဆရာတော်၊ (၂) ဝဲပုံ ဆရာတော်၊ (၃) လေးဆောင်ဆရာတော်၊ (၄) ကျောက်စာရုံဆရာတော်၊ (၅) လယ်ပေါ် ဆရာတော်များနှင့် ဥက္ကဋ္ဌ ဦးကြည်စိန်၊ အဘွင်ငွေးမှူး ဦးလှအောင်တို့ အပါအဝင် ဆုံတိုက်ရပ် ပင်း စက္ကူလံပ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ ရေနံချောင်းမြို့က ဦးစီးဆောင် ရွက်ပြီး ကြီးကျယ်ခမ်းနားတဲ့ လယ်ပေါ် ဓမ္မာရုံ တန်ဆောင်း ကြီးအဖြစ် တိုးချဲ့ဆောက်လုပ်ရန် အစပျိုးနေကြပါပြီ။

ဤတန်ဆောင်းကြီး ဆောက်လုပ် တိုးချဲ့ပြီးပါက ပင်းစက္က လံပ ဗုဒ္ဓပူဇနိယပွဲကြီးအပြင် ဓမ္မသဘင်ပွဲများ ဆင်နွှဲ ကျင်းပ ခြင်း၊ မင်္ဂလာသင်တန်း၊ ပဋ္ဌိစ္စသမုပ္ပါဒ် သင်တန်းများ ကျင်းပ

ခြင်း၊ ရုပ်ဝေးမှ ဘုရားဖူးများ တည်ခိုခြင်းများ ပြုလုပ်၍ ရေနံချောင်း ရွှေမြို့တော်ကြီး၏ ကြက်သရေဆောင် သာသနာ့ ဗိမာန်တော်ကြီး အဖြစ် ထွန်းသစ်ပါလိမ့်မည်။

ဗုဒ္ဓ ဓမ္မ လောက စာစောင် ၂၀-၁၁-၇၀ နေ့ထုတ်၊ အတွဲ-(၁၆)၊ အမှတ်(၂၄)။

ရတနာသီရိ ၃

## ၉။ ပင်းစက္ကလံပသို့ တခေါက်

### မှတ်မိပါသေးတယ်

အချိန်မှာ မကြာမြင့်သေးပါ၊ ၁၃၃၁–ခုနှစ် တန်ခောင် မုန်းလတုန်းက ဖြစ်ပါတယ်၊ စာရေးသူဟာ ရေနံချောင်းမြို့ သာသနာ့ အကျိုးတော်ဆောင် ဦးအေးနှင့် ဦးတိုးမြင့်တို့ရဲ့ တပ်မံပို့ဆောင်မှုဖြင့် ပင်းစက္ကလံပ စေတီတော်သို့ အဖူးအမြော် ရောက်ခဲ့ပါတယ်၊ ပင်းစက္ကလံပ စေတီတော်ဟာ ရေနံချောင်း မြို့ရဲ့ မြောက်ဘက် ၃–မိုင်ခန့် အကွာ ပင်းဝဒိုင် ဘုရားကုန်း ကျေးရွာအနီး တောင်ကမူကလေးပေါ်မှာ တည်ရှိပါတယ်။

### စေတီတော်နှင့် ပတ်ဝန်းကျင် မြင်ကွင်း

ပင်းစက္ကလံပ စေတီတော်ရဲ့ အရှေ့စူးစူး တောင်တော်ဦးမှာ ထုံးဖြူသကန်း ခြုံလွှမ်းထားတဲ့ စေတီတော် ၂–ဆူလဲ ရှိပါသေး တယ်၊ နောက်ပြီး အဂ္ဂိထောင့် အရပ်မှာ နဂါးရုံ စေတီတော် လဲ ရှိပါသေးတယ်၊ ပင်းစက္ကလံပ စေတီတော်ရဲ့ တောင်ဘက် ၃–ဖါလုံလောက်အကွာတွင် ထူးဆန်း အံ့သြဘွယ်ရာ နတ်တွင်း၊ နတ်ရေကန်လဲ ရှိပါသေးတယ်၊ နတ်ရေကန်ဟာ ဥတုသုံးပါးလုံး မပြတ်မစဲ ရေအမြဲ ရှိပါတယ်၊ နတ်ရေကန်တဝိုက်တွင် စိမ်းလန်း ပြီး စိုပြေလှတဲ့ သစ်ဘော, သစ်ပင်များနှင့် ဘုန်းတော်ကြီး

ကျောင်း တကျောင်းအပြင် တရားအားထုတ်ရန် ကမ္မဋ္ဌာန်း ကျောင်းကလေးများလဲ ရှိကြပါသေးတယ်၊ အထူးကြည်ညို ဘွယ် ကောင်းတာကတော့ ထုံးဖြူ သင်္ကန်း ခြုံလွှမ်းထားတဲ့ စေတီတော်ကလေးပါဘဲ၊ နတ်ကန်တောင်နှင့် ပင်းစက္ကလံပ စေတီတော်ရဲ့အကြားတွင် အိမ်ခြေ ၃၀၀-ကျော်ရှိတဲ့ ဘုရား ကုန်းကျေးရွာလေးလဲ တည်ရှိပါတယ်၊ ပင်းစက္ကလံပ စေတီ တော်ရဲ့ အနောက်ဖက်မှာ ရဟန္တာအရှင်မြတ်များ သမုတ်ထား တယ်လို့ ကျော်ကြားတဲ့ သိမ်တော်ကြီးတလုံး ရှိပါတယ်၊ ပင်း စက္ကလံပစေတီတော်ရဲ့မြောက်ဘက်တွင် စိမ့်စမ်းများတသွင်သွင် စီးဆင်းနေတဲ့ ပင်းချောင်းကြီးမှာ သာယာ အေးမြ လှပါ တယ်။

ပင်းစက္ကလံပစေတီတော် အဝိုင်းအဘွင်းတွင် စေတီတော် ငယ် ၇-ဆူတို့နှင့် ဘုရားကြီး ကျောင်း တိုက်၊ စေတီယင်္ဂဏ ကျောင်းတိုက်စတဲ့ အဆောက်အဦးများကလဲ စေတီတော်ရဲ့ အေးရိပ်သာကို ခိုလှုံနေကြပါတယ်၊ ပင်းစက္ကလံပစေတီတော် ဟာ အမြင့်သံတောင် ၃၀-ကျော်ရှိပြီး ရွှေသားရွှေရောင် ဝါ ပြောင်ပြောင်ဖြင့် ကြည်ညိုဖွယ် ကောင်းလှပါတယ်၊ စေတီ တော်ရဲ့ အောက်ပိုင်းကို အာရုံခံတန်ဆောင်ဝန်းကျောင်းတော် တို့ဖြင့် ကာရံပြီး ထားပါတယ်၊ စေတီတော်ရဲ့ လေးမျက်နှာ တွင် ကောဏ္ဍာဂုံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ရုပ်ပွား တော် ၄-ဆူ ရှိပါတယ်၊ စေတီတော်ရဲ့ အတက်အဆင်းတွင် စောင်းတန်းလေးသွယ်တို့ကလည်း သာတောင့် သာယာရှိလှပါ တယ်။

## ဘုံ့တော်ဘူးသလို အကြောင်းဖြစ်ရပ်ကလဲ ဆန်း

ပင်းစက္ကုလံပဆိုတဲ့ ဘုရားဘုံ့တော် အမည်ဟာ ထူးနေသလို ဘုံ့တော်ရဲ့အကြောင်းဖြစ်ရပ်ကလဲ ဆန်းနေပါတယ်။ သာသနာတော် ၁၆၀၁-ခု၊ သက္ကရာဇ် ၄၁၉-ခုတွင် အနုရုဒ္ဓါဒေဝ ဘုံ့ခံ အနော်ရထာမင်းစောဟာ သထုံပြည်မှ ဓာတ်တော်, မွေတော်,ပိဋကတ်တော်များကို ကိုယ်တော်တိုင် ချီတက် ပင့်ဆောင်၍ ပြန်လည်တော်မူခဲ့ရာ အမည်ရ တောင် ၇-လုံးခြံရံ အပ်တဲ့ နဂုတ္တမ တောင်တော်မြတ် အထက်မှ အတောင် ၂၀-တိုင် အောက်သို့ ဌာပနာတိုက် တူးလုပ်စေ၍ ဆန်းကြယ်စွာသော ရွှေအုတ်၊ ငွေအုတ်၊ ရတနာအုတ်တို့ဖြင့် ခင်းကျင်းစီပြီးလျှင် ရတနာ ခုနစ်ပါးတို့ဖြင့် စီခြယ် အပ်သော ရွှေကြုပ်၌ ဓာတ်တော်, မွေတော်တို့ကို ထည့်သွင်းဌာပနာ၍ ဓာတ်တော်ကြုပ်၏ အရပ်လေးမျက်နှာတို့၌ ပဉ္စလောဟာရတနာအပေါင်းတို့ဖြင့် သွန်းလုပ်အပ်သော ဤကမ္ဘာသက်၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ ရုပ်ပွားတော် ၄-ဆူကို ထားတော်မူပါတယ်။

## စေတီတော်ဗျူပွတ်

အစဉ်အတိုင်း တည်လုပ်ကာ မြေပေါ်သို့ လေးတောင်မြင့်လျှင် အထက် ဌာပနာတိုက်ပြု၍ ဓာတ်တော်, မွေတော်,ရုပ်ပွားတော်လေးဆူတို့ကို အောက်ဌာပနာတိုက်နည်းတူ ဌာပနာတော်မူပါတယ်၊ မုခ်လေးမျက်နှာ အမြင့် သံတောင် ၃၀-ကျော်ရှိ စေတီတော်ကို တည်တော်မူပါတယ်၊ ချောင်းတောင်ဖက်မှာရှိတဲ့

မြေဟာ အုတ်လုပ်ရန် အရှည်မခံ ချောင်းမြောက်ဘက်မြေကို အချည်ခံရန် အုတ်လုပ်ကြရမည် အမိန့်အတိုင်း ယခု "မင်းကြံ ကုန်း"ဒေသမှ လက်ဆင့်ကမ်း အုတ်သယ်ယူကြရာ ချောင်းရေ ဖျက်ဆီးသောကြောင့် ငြိုငြင် ပင်ပန်းသည်ကို တွေ့ရာ "ငါကဲ့သို့ သော သာသနာပြုမင်း စေတီတော် တည်သည်ကို ဤချောင်း ရေသည် နှောက်ရှက်ရာသလော"ဟု ခမည်းတော် ကွမ်းဆော် ကြောင်ဖြူမင်းအား သိကြားမင်းအပ်နှံသည့်စကြာလုံတော်ဖြင့် ချောင်းရေကို ပြတော်မူရာ ရေဆုံးအရပ်တိုင်အောင် ဆုတ်နစ်၍ သဲပြင်အတိဖြစ်မှ လွယ်လင့်တကူ အုတ်သယ်ယူ လုပ်ဆောင်ကြရ သဖြင့် ပြီးစီးအပ်သောစေတီတော်ဖြစ်သည့်အလျောက် "စကြာ လုံပြု စေတီတော်"ဟု ခေါ်တွင်ခဲ့ပါသတဲ့၊ ယခုအခါ ကာလ ရွေ့လျောလို့ "စက္ကလံပစေတီတော်"လို့ ခေါ်ကြပါသတဲ့၊ ထို့ အပြင် ပင်းချောင်းနဲ့ အနီးမှာ တည်ရှိတာကြောင့်လဲ "ပင်းစက္က လံပ စေတီတော်"လို့လဲ ခေါ်ကြပါသတဲ့။

## တိုးတက် စည်ကားဦးမည်

အဒီ ပင်းစက္ကလံပ စေတီတော်ဟာ ခေတ် အဆက်ဆက် ပြောင်းလို့ ယိုယွင်းသာခဲ့ရာ စစ်ပြီးခေတ်မှစ၍ ပင်းစက္ကလံပ ဂေါပက အဖွဲ့က ဦးစီးပြုပြီး ပြုပြင်လာကြရာ ယခုအခြေအနေ အထိ ကြည်ညိုဖွယ် ဖြစ်ပေါ်လာခဲ့ပါတယ်။

စေတီတော်မြတ်ကို ယခုလက်ရှိ ဂေါပကအဖွဲ့က ဆက်လက် စောင့်ထိန်းပြုပြင်နေရာ တန်ဆောင်းတော်စသည်တည်ဆောက် ရင်း တိုးတက် စည်ကားလာဦးမည် အမှန်ပါ၊ ယခုအခါ ပင်း

စက္ကလံပ စေတီတော်မှာ ပွဲတော်တနှစ်လျှင် ၄-ကြိမ် ကျင်းပလျက်ရှိပါတယ်။ ဝါခေါင်လမှာ ကျွန်းအရပ်ဒေသရွာများမှ ကျင်းပ ပူဇော်တဲ့ ကျွန်းဆွမ်းလုံးပွဲတော်၊ တော်သလင်းလမှာ ကုန်းအရပ် မြို့ရွာများမှ ကျင်းပပူဇော်တဲ့ ကုန်းဆွမ်းလုံးပွဲတော်များနှင့် သီတင်းကျွတ်လမှာ ပွဲတော်ကြီး ၁၅-ရက်တိုင်တိုင် ကျင်းပ၍ တပို့တွဲလမှာ ထမနဲပွဲတော်ကြီးများ ကျင်းပကာ အနယ်နယ် အရပ်ရပ်မှ သူတော်ကောင်းများက လာရောက်၍ ပူဇော်ကြပါတယ်။

## စေတီတော် အုတ်မြစ်ချပွဲ စည်တော်သံ

၁။ နော်ရထာ နရိန္ဒရယ်က၊ တချိန်က စက်တော်ချ၊ ပေါက္ကံပြည် ရောက်လုန်းဘာမှ၊ ကြီးညာဏ်ရင့်မှီ၊ မွေသရီစုံညီပ ဓာတ်ပေါင်း၊ ခြောက်ပြာစုံ ရောင်ကွန့်မြူးတယ်၊ ထူးအံ့ဖွယ် ကောင်း။

၂။ လူ့ ထိပ်ပန် စိတ်ကြံ မြူးပါလို့၊ ဗိဿာန်ထူး ခါခါ၊ စက္ကလံစေတီဦး ဖူးရလို့ပါ၊ နှစ်ကောဇာ၊ ထိုခါကွဲ့ ကြည်နူး၊ လေးရာဘွင် ဆယ့်ရှစ်လောင်းတယ်၊ ကောင်းတဲ့နှစ်ဦး။

၃။ ဘောင့်သုံးရာ နှစ်ဆယ့်သုံး မှာတော့၊ ဘဝဂ်ဘုန်း လိုက်ကာဘူ၊ လ-တန်ဆောင် ပြည့်ကျော်ထွက် စွန်းတငှက်ပြူ၊ ခါတော်ယူ ပြည်သူကာတနဲ၊ အောင်မောင်းတွေ တည်ညှဲနှင့်၊ အောင်စည်သံ ချိမ့်ချိမ့်သဲတယ်၊ မွှမ်းမံတဲ့ ပွဲ၊

၄။ ကပ္ပဋ္ဌိ ရည်ညွန်းလို့၊ အောင်စည်ရှန်း သံသာချီ၊ မြကျောက်စီ ရွှေပန္နက်ကို၊ ရိုက်နှက်ကြသည်။ လှော်သိင်္ဂီ ထိန်ညီလို ရောင်သျှမ်း၊ ရွှေအုပ်ဘော္ဂ စိရရီနဲ့၊ ခါတော်မှီ ညီညီချတယ်၊ ပွဲရအောင်ပန်း။

(ဆုံတိုက်ရပ်၊ ကွယ်လွန်သူ စာရေးဆရာ ဦးသင် ရေးသော ၁၃၂၃-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက် နေ့ စေတီတော် အုတ်မြစ်ချပွဲ စည်တော်သံ ဖြစ်ကြောင်း သိရပါသည်။)

---

၁၃-၁၁-၇၀ နေ့ထုတ် ဗုဒ္ဓ ဓမ္မလောက စာစောင် အတွဲ(၁၆) အမှတ်(၂၂)။

## ၁၀။ ညောင်ကန်သားလား၊ ဒန်းတိုင်သားလား

[၁၃၃၂-ခု၊ ဝါဆို လပြည့် နေ့ထုတ်၊ ဗုဒ္ဓ ဓမ္မ လောက အတွဲ(၁၆)၊ အမှတ်(၆)၊ စစ်ကိုင်း အရှင် ပညိန္ဒရေး "ရှေးရှေးတုံးက" ဆောင်းပါး၌ ဆရာတော် ဦးဗုဓ် သည် ဒန်းတိုင် ရွာသား ဖြစ်ကြောင်း ပါ၏၊ ၁၃၃၂-ခု၊ ဝါဆိုလဆုတ် ၈-ရက်နေ့ထုတ် ဗုဒ္ဓ ဓမ္မ လောက အတွဲ (၁၆)၊ အမှတ် (၇)၊ ဝါခင်းကုန်း ဦးတိက္ခရေး "ဆရာတော် ဦးဗုဓ်၏ ထင်ရှားသောရွာ" ဆောင်းပါး၌ ဆရာတော် ဦးဗုဓ်သည် ညောင်ကန် ရွာသား ဖြစ်ကြောင်းပါ၏။

၎င်းဆောင်းပါးရှင် ဆရာတော် နှစ်ပါး ရေးသား ချက်အရ ဆရာတော် ဦးဗုဓ် ဇာတိနေရပ်သည် မည် သည့်ရွာက မှန်ကြောင်းကို ကျောက်ပန်းတောင်းမြို့ ဥပါသကာ ဦးညိုက မေးမြန်း၍ ၎င်းအမေးကို ညောင် ကန်ရွာသား ညောင်ကန် ဦးဋ္ဌက ထံသို့ ပို့လိုက်ရာ အောက်ပါအတိုင်း ဖြေကြားသည်ကို မူရင်း အတိုင်း ဖော်ပြလိုက်ပါသည်။ ။အယ်ဒီတာ]

ဒကာတော်ထံမှ ပူးတွဲပါ ဆရာတော် ဦးဗုဓ်၏ မွေးဖွားရာ ဒေသ ညောင်ကန်ရွာလား၊ ဒန်းတိုင်ရွာလား ဆိုတဲ့ ဦးညို၏ အမေးကို ဘုန်းကြီး ဖြေကြားလိုက်ပါသည်။

၁။ မန္တလေးမြို့ ပြည်လုံးချမ်းသာ ကျောင်းတိုက် ဘုန်းတော်ကြီး ဦးသုဒဿန အချုပ်သူမြတ် ရှာဖွေစုဆောင်း၍ စီစဉ်ရိုက်နှိပ်ထုတ်ဝေသည့် "ညောင်ကန်သာသနာဝင်" စာအုပ် စာမျက်နှာ ၁၀၀-တွင် ဆရာတော် ဦးဗုဒ်၏ ဖွားရာဒေသကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

မြန်မာပြည် အလယ်ပိုင်း(ရှေးအခေါ်) ပဒုံမြို့ ကျေးလက်၊ (ယခုအခါ)မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ သာခေါင်ရပ်၌ နေထိုင်သော အဖ ဦးအို၊ အမိ ဒေါ်မွေးတို့မှ သက္ကရာဇ် ၁၁၄၉-ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် အင်္ဂါနေ့တွင် ဆရာတော် ဦးဗုဒ်၏ အလောင်းအလျာ သတိုးသားကို ဖွားသန့်စင်၍ ထင်ရှား ဖြစ်လာသတည်း၊

## ရှင်း လင်း ချက်

ထို ဆရာတော် ဗုဒ်၏ အလောင်းအလျာ သတိုးသားကို ဒန်းတိုင်ရွာ၌ မွေးဖွားသည်ဟူသော စကားကို ညောင်ကန်ရပ်သူရွာသားနှင့်တကွ နယ်သူနယ်သားတို့ကပါ သဘောမကျမနှစ်သက်သောကြောင့်၎င်း၊ ပြည်ဘွင်းပြည်ပ အနီးအဝေး၌ ရှိကြသော ရဟန်းရှင်လူအပေါင်းတို့ကလည်း ဆရာတော်ဦးဗုဒ်သည် ညောင်ကန်ရွာက ဟု သိပြီး ဖြစ်ကြသောကြောင့်၎င်း၊ ဆရာတော် ဦးဗုဒ် ကိုယ်တိုင် ကလည်း "ဗောဓေဒမိသုတေ ဂါမေ၊ ဇာတေန ဇာတိယာ မယာ" ဟူ၍ ဂါထာစီကုံးကာ ညောင်ကန်ရွာ၌ မွေးဖွားသည်ဟု မိန့်ဆို ထားသောကြောင့်

၎င်း၊ ညောင်ကန်ရွာ သာခေါင်ရပ်တွင် ဖွားမြင်သည်ဟု ရေးသားလိုက်ရပေသတည်း၊

## ထို့ပြင်တဖြာ ရှင်းလင်းချက်

အချို့သော ရှေးသူဟောင်း လူကြီးသူမ အပေါင်းတို့က ဒန်းတိုင်ရွာ၏ အနောက်ဖက်တွင် ရှိသော ချောင်းကို နန်းမတော် မယ်နု အမိန့်နှင့် တံတားဆောက်လုပ်၍ပေးခြင်း၊ ဆရာတော် ဦးဗုဒ်၏ မယ်တော်၊ ခမည်းတော်များ ပိုင်ဆိုင်လုပ်ကိုင်သည့် ယာမြေရှိရာ ဒန်းတိုင်ရွာ အရှေ့တောင်ထောင့်ရှိ တန်းတကောင်းကြီး တောမှ ညောင်ကန်သို့အရောက် ကူးသန်းသွားလာရန် ထွန်လမ်း လှည်းလမ်း မပေါက်သဖြင့် နန်းမတော်မယ်နုအမိန့်ဖြင့် လမ်းတောင်းရာ ကျွဲကြီးတကောင်ကိုခလောက်ဆွဲပြီး လွှတ်လိုက်သောအခါ ထိုကျွဲကြီး သွားရာ အတိုင်း လမ်းပေးကြရသည် ဟူသော စကားများကို ပြောကြားကြသည်။

ထိုအကြောင်းအရာများသည် ဆရာတော်ဦးဗုဒ်ကို ဒန်းတိုင်ရွာတွင် ဖွားမြင်ခြင်းကြောင့် မဟုတ်တန်ရာ၊ နောက်သောအခါ ဆရာတော်ဦးဗုဒ် နေပြည်တော်သို့ ရောက်၍ မင်းဆရာဖြစ်မှ မဟာအောင်မြေဘုံစံ အုတ်ကျောင်းကြီး အမ နန်းမတော်မယ်နုက ဆရာတော်ဦးဗုဒ်ကို ကြည်ညိုလေးစားပြီး မယ်တော်ကို ချီးမြှောက်လိုသောအားဖြင့် မယ်တော်၏ အလိုဆန္ဒရှိသမျှ ပြည့်ဝအောင် လုပ်ဆောင်ပေးခြင်းမျှသာ ဖြစ်ဟန်တူသည်။ (ဤကား ညောင်ကန် သာသနာဝင်အဆို)။

၂။ တောင်ငူမြို့ ဝိသုဒ္ဓါရုံ မြို့ထောင့်ကျောင်း ဆရာတော် ဦးသံဝရ ပြုစုသော "ညောင်ကန်ရွာက ဆရာတော် ဦးဗုမ်စသော တံဆိပ် ရ မရ ပုဂ္ဂိုလ်တို့၏ ထေရုပ္ပတ္တိ စာတမ်း" စာအုပ် စာမျက်နှာ ၃၁-တွင် ဆရာတော် ဦးဗုမ်ဖွားရာ ဒေသကို အောက်ပါ အတိုင်း ဖော်ပြထားပါသည်။

## တံဆိပ်ရ တတိယ ညောင်ကန် ဆရာတော်

ဆရာတော်ဗုမ်၏ဖွားရာဒေသ ညောင်ကန်ရွာ အရှေ့တောင် ယွန်းယွန်း နှစ်မိုင်ခန့်အရပ်၌ ဒန်းတိုင်ရွာ ခေါ်သော ရွာငယ် တရွာ ရှိ၏ ထိုဒန်းတိုင်ရွာတွင် ဆရာတော် ဦးဗုမ် အလောင်း အလျာသည် အဖ ဦးအို၊ အမိ ဒေါ်မွေး တို့၏ ဂဗ္ဘာသယ ဝမ်းကြာတိုက်မှ သက္ကရာဇ် ၁၁၄၉-ခုနှစ်၊ နယုန် လပြည့် ကျော် ၅-ရက် အင်္ဂါနေ့တွင် ဖွားသန့်စင်၍ ထင်ရှားဖြစ်လာ သတည်း။ ဤသို့ မွေးဖွား ပြီးနောက် အမည်သညာ ခေါ် စရာကား၊ မွေးဖွားသော အခါ လကို ရာဟု ငပုပ် ဖမ်းသော အချိန်အခါ ကြုံကြိုက်သော ဗျူပ္ပတ္တိ နိမိတ်ကို အကြောင်းရှာ လျက် ငပုပ် ဟု ခေါ်ကြ၏။ အချို့သော သူတို့ကလည်း ဦးခေါင်း၌ ဒက် ခေါ် သော အနာရှိသောကြောင့် ငပုပ် ဟု ခေါ်သည်ဟု ပြောဆိုကြ၏။ မူလ အမည်ရင်းမှာ ဦးပုပ် ပင်တည်း။ ဆရာတော် ပုပ် ရေးသားသော ကျမ်းစာများကို ပုံနှိပ်သော အခါကျမှ ပါဠိဆရာ ဆရာဖြေက ပညာရှိဟော ဗုဓသဒ္ဒါကို ထောက်ထားရှာကြံ၍ ဦးဗုမ် ဟု ရေးသားခြင်းကို

ပြုအပ်၏။ ဦးပုပ်သည် ဒန်းတိုင်ရွာ၌ မွေးဖွားသည်ကို သိရသည်ကား ဘုန်းကြီး ဒကာကြီး ဦးပေါက်နှင့် ဒန်းတိုင်ရွာသား ဦးတက်အောင်တို့၏ ပြောပြခြင်းကြောင့်ရှင်း၊ ဆရာတော် ဦးပုပ်မွေးဖွားရာ အရပ် ဒန်းတိုင်ရွာ၏ အနောက်ဖက်၌ ချောင်းတချောင်း ရှိရာ ထိုချောင်းကို နန်းမတော်မယ်နုက ဆင်သွားနိုင်လောက်အောင် တံတားလုပ်ပေးမည်ဟုဆရာတော် ဦးပုပ်မယ်တော်အား ပြောပြပြီးလျှင် တံတားလုပ်ပေးရာ တံတားလည်း သေးငယ်နေသဖြင့် ဆရာတော်ပုပ်မယ်တော်က ဆင်သွားနိုင်အောင် တံတားလုပ်မည် ပြောပြီး လုပ်ပေးတော့ လှည်းမှမသွားနိုင်ဟု ညည်းသော ဟူ၏။ ထိုတံတား အစအန တို့ကိုငါတို့ငယ်စဉ်က မြင်လိုက်ရဘူးသေး၏၊ ထို့ကြောင့် ဦးပုပ်သည် ဒန်းတိုင်ရွာ၌ မွေးကြောင်းကို သိရသတည်း။

ဆရာတော်ပုပ်၏မိဖများသည် ညောင်ကန်ရွာ၌ အိမ်နေရာ အတည်တကျရှိပြီးမှ ဒန်းတိုင်၌ လယ်ယာလုပ်ရန် အသွားဘွင် မွေးဖွားသည်ဟု ဆိုစရာရှိ၏။ မိဖတို့က ညောင်ကန်ရွာသား ဖြစ်သဖြင့် ညောင်ကန်ရွာ၌ မွေးဖွားသည်ဟု မိမိရေးသော ကျမ်း နိဂုံး၌ ရေးထားခြင်းဖြစ်သည်ဟု မှတ်ရာ၏

**ဥပမာ။** ။သာသနာပိုင် ဦးဥေယျသည် အဘ ရဲထွက်သား၊ အမိ မောင်းဘောင်သူ ဖြစ်လျက် ကန်နီနယ် နတ်ရဲတောင်ရွာ၌ လယ်ယာရှိသဖြင့် နတ်ရဲတောင်ရွာ၌ မိဖများ လယ်လုပ်ရင်း မွေးသဖြင့် နတ်ရဲတောင်သား ဖြစ်သော်လည်း ကြီးပြင်း၍ ရဟန်းသာသနာပိုင် ဖြစ်သောအခါ "ငါမောင်းဘောင် သာသနာပိုင်"ဟု ပြောဆိုခဲ့၏၊

နတ်ရဲတောင်ဘုရား အသွား ဖလပဌ် တဲကျောင်းဆောက် လျက် စခန်းချနေရာတွင် ငါတို့ မောင်းထောင်ရွာ ကန်က ရေပြာကလေးကို သောက်ရလျှင် ကောင်းမည်ဟု ပြောသော ဟူ၏။ ဤလို သာသနာပိုင်ဦးဥယျသည် မောင်းထောင် ရွာ၌ မဖွားမြင်သော်လည်း အမိ၏နေရာကို အကြောင်းပြု လျက် မောင်းထောင်ရွာဖွားဇာတိသားဟုပြောသည့်နည်းတူ ဆရာတော်ပုပ်လည်း ညောင်ကန်ရွာ ဇာတိဖွား ဖြစ်သည်ဟု စာပေကျမ်းဂန် နိဂုံးတို့၌ ရေးသားသည်ဟု မှတ်ရာသတည်း၊

ဆရာတော်ပုပ် မွေးဖွားပြီးမှ ညောင်ကန်ရွာသို့ ပြောင်း ရွှေ့လာပြီးလျှင် ညောင်ကန်ရွာ ရပ်ကွက် ၁၁-ကွက် ရှိသည် တွင် အရှေ့တောင်ပိုင်း သာခေါင် ခေါ်သော ရပ်ကွက်၌ ဝင်းခြံအိမ်ကြီးနှင့် နေကြောင်းကို ယခုထက်တိုင် အများသိ ကြ၏၊ နန်းမတော်ဝန် ဦးရန်လည်း ဆရာတော်ပုပ်ကို အလွန် ကြည်ညိုသူ ဖြစ်၍ သီပေါရှင်ဘုရင်လက်ထက် ညောင်ကန်ရွာ သို့ လာ၍ ဆရာတော် ဦးပုပ်၏ မိဘ ဝင်းခြံ နေရာကို ၎င်း၊ ဆရာတော် ဦးဗုဒ် နေသော ကျောင်းကို၎င်း ဦးနှိမ် ချသွား သည် -ဟု ဆရာအများ ပြောသံကို ကြားရဘူး၏။ (ဤကား ထေရုပ္ပတ္တိ စာတမ်းအဆို)။

ဤအဆို ၂-ရပ်ကို ပေါင်းစပ် လေ့လာသော် ဆရာတော် ဦးဗုဒ်၏ ဖွားရာ ဒေသမှာ နှစ်နေရာ ကွဲပြားနေသော်လည်း ဆရာတော်ဦးဗုဒ်သည် ညောင်ကန်သားဟု အများသဘောကျ

ဆုံးဖြတ်ရပါမည်။ ဦးညိုစသား သူတော်ကောင်းအများတို့သည် ဆရာတော် ဦးဗုဓ်သည် ညောင်ကန်သား ဟု မှတ်သားနိုင်ကြပါစေသော်....။

---

၂၉-၁၀-၇၀ နေ့ထုတ် ဗုဒ္ဓ မဇ္ဈ လောက စာစောင် အတွဲ(၁၆)၊ အမှတ်(၂၀)။

## ၁၁။ သစ်တပင်ကောင်း ငှက်တသောင်းနိုရ

စာရေးသူဟာ ရေနံချောင်းမြို့ ဆုံတိုက်ရပ် ဓမ္မ သဘင် ကျင်းပရေးအဖွဲ့ရဲ့ ပင့်လျှောက်ချက်အရ ၁၃၃၂-ခုနှစ် တန်ခူး လပြည့်ကျော် ၁-ရက်နေ့က စပြီး ၇-ရက်တိုင်တိုင် လယ်ပေါ် တန်ဆောင်းအတွင်းမှာ တည်းခို တရားဟောရင်း သီတင်းသုံး ရပါတယ်၊ စာရေးသူ ၏ ဝေယျာဝစ္စကို ဆောင်ရွက်ရန် မန္တလေးမှ ဒကာငွေလဲ စာရေးသူနဲ့အတူ ပါလာခဲ့ပါတယ်။

ယင်းသို့ ၇-ရက် တိုင်တိုင် လယ်ပေါ် တန်ဆောင်းအဘွင်း တရားဟော တရားပြနေရင်း လယ်ပေါ် ပရဟိတ ကျောင်းရဲ့ အကြောင်းကိုလဲ လေ့လာခွင့် ရခဲ့ပါဘယ်။

### လယ်ပေါ် ပရဟိတ ကျောင်း

လယ်ပေါ် ပရဟိတကျောင်းကို ယခု လက်ရှိ ဆရာတော် ဦးယျသ(သက်တော်-၆၀)က ၁၉၅၇-ခုနှစ်မှာ စတင် တည် ထောင်ခဲ့ပါတယ်။ ယခုလက်ရှိ ကျောင်းသား ၁၆-ယောက် ရှိပါတယ်၊ ယင်း ၈၆-ယောက်တို့တွင် တကယ့်မိမဲ့ ဖမဲ့ ၄၃- ယောက် အဘွက်သာ အစိုးရ၏ ထောက်ပံ့ကြေးကို ရရှိပြီး၊ ကျန် ၄၃-ယောက်သော မိမဲ့, ဖမဲ့ကလေးတို့ရဲ့ စားဝတ်နေ ရေးကိုမူ ဆရာတော် ဦးယျသကပင် လုံးဝ တာဝန်ယူထားရ

ပါတယ်တဲ့၊ ဒီလို တာဝန်ယူနိုင်ခြင်းကလဲ အစိုးရရဲ့ထောက်ပံ့ ကြေးအပြင် ရပ်ရွာဒကာ,ဒကာမများရဲ့ သဒ္ဓါကြေးထောက်ပံ့ မှုကို ရရှိလို့ပါတဲ့။

## ပရဟိတစိတ် ထက်သန်သော ဆရာတော်

ဘာဘဲဖြစ်ဖြစ် ပရဟိတစိတ် ထက်သန်တော်မူလှတဲ့ ဆရာ တော် ဦးယျသဟာ အစိုးရနဲ့ ပြည်သူတို့ရဲ့ အကူအညီကို ယူပြီး တွယ်ရာမဲ့ ကလေးသူငယ်တို့ရဲ့ ပစ္စုပ် တမလွန် နှစ်တန်သော ဘဝအာမခံချက် ရရှိရေးကို ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲ ဆောင်ရွက်လတံ့ သာလျှင် ဖြစ်ပါတယ်၊ ဆရာတော်ဟာ သူတို့ ကလေးတွေ၏ ဗုဒ္ဓသာသနာ ယဉ်ကျေးမှုနဲ့ ယခုဘဝမှ စပြီး ဘဝများစွာ သံသရာမှာ ငြိမ်းချမ်းသာယာသော ဘဝအာမခံ ချက် ရရှိရေး အတွက် နံနက် ၅-နာရီနှင့် ည ၇-နာရီ တွင် ဘုရားရှိခိုးစေခြင်း၊ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းစေခြင်း တို့ကို လမ်းညွှန်တော်မူခဲ့ပါတယ်။

## ပညာရေး အထူးအားပေး

ဆရာတော်ဟာ "ဥစ္စာ ဟူသည် မျက်လှည့်မျိုး၊ ပညာဟူ သည် မြတ်ရွှေအိုး" ဆိုတဲ့ စကားပုံ အရ သူတို့လေးတွေရဲ့ ပညာရေးကို အထူးအားပေး သင်ကြားစေခဲ့ပါတယ်၊ သူတို့ ကလေးတွေဟာ ကျောင်းတက်ချိန်တွင် ဆိုင်ရာဆိုင်ရာ မူလ တန်း, အလယ်တန်း, အထက်တန်းကျောင်းများသို့ အချိန်မှန်

သွားရောက်ပညာသင်ယူစေပြီး ကျောင်းသို့ ပြန်ရောက်ယင်လဲ စာကြည့်ချိန်, စာကျက်ချိန်ကို ကန့်သတ်၍ အထူးကြပ်မတ် ညွှန်ကြားတော်မူပါတယ်။

နောက်ပြီးတော့ ဆရာတော်ဟာ ကျောင်းအားချိန်များ၌ "အသက်မွေးမှု တခုပညာ ကိုယ်စီပါ" ဆိုတဲ့အတိုင်း အပ်ချုပ် စက်ပညာ၊ လက်သမားပညာ စသည်များကိုလဲ လေ့လာ သင် ယူစေပါတယ်၊ နောက်ပြီး သူတို့ကလေးတွေထဲမှ ပါရမီထူးသူ ကလေးများကို ရွေးချယ်ကာ ရှင်ရဟန်းဘောင်သို့ တက်စေပြီး သာသနာပြုလိုလျှင် ပြုနိုင်ရန် ရှင်ရဟန်း ပြုပေးတော် မူပါ တယ်၊ ယခုအခါ ရှင်သာမဏေ ရှစ်ပါးပင် ရှိနေပါပြီ။

## သစ်တပင်ကောင်း ငှက်တသောင်းခိုရ

"သစ်တပင်ကောင်း ငှက်တသောင်းခိုရ" ဆိုတဲ့ စကားပုံ အတိုင်း ဆရာတော် ဦးယသ တည်းဟူသော ပဒေသာပင် အေးရိပ်သာကြီးမှာ ခိုလှုံခွင့် ရကြတဲ့ မိမဲ့, ဖမဲ့, မိမဲ့,ဖမဲ့ ငှက် ငယ်ကလေးတွေဟာ အလွန်ကံကောင်းကြပါတယ်။

ဆရာတော်၏ လယ်ပေါ်ပရဟိတ ပဒေသာ အေးရိပ်သာ သစ်ပင်ကြီးကို ခိုလှုံခွင့်ရကြ၍ အတောင်အလက် စုံလင်ကာ ကိုယ့်ဘဝကိုယ် ရပ်တည်လျက် အစာရှာထွက်နိုင်ကြသူကလေး တို့မှာ ဦးရေ ၁၀၀-ပင် ကျော်ခဲ့ပါပြီ။

ဆရာတော်ဦးယသ၏ သာသနာ ပြုနည်းကား လောကတ္ထ စရိယာလဲ ဖြစ်ပါတယ်၊ ဉာတတ္ထစရိယာလဲ ဖြစ်၍ အတုယူဖွယ် တရပ် ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

၁၁-၇-၇၀ နေ့ ထုတ်၊ ဗုဒ္ဓ မမ္မ လောက စာ စောင် အတွဲ (၁၆)၊ အမှတ်(၅)။

ရတနာသီရိ ၄

## ၁၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမ ပရိယတ္တိပင်မကြီး၏ ကိုင်းကြီးတကိုင်း ကျိုးခဲ့ရလေပြီ တကား

### မမြော်လင့်ဘဲ ဝမ်းနည်းစရာ သတင်း

စာရေးသူတို့၏ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ပခုက္ကူနိကာယ ဂဏဘာရနိတ္ထာရက ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ရဟန်းသိဒ္ဓိကျောင်း တိုက်အုပ်ဆရာတော်သည်(၁၃၃၃-ခု၊ တော်သလင်းလဆန်း ၁၁-ရက်၊ ၁၉၇၁-ခု၊ ဩဂုတ်လ ၃၁-ရက် အင်္ဂါနေ့) နံနက် စောစောက ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း ဝမ်းနည်းစရာသတင်းကို ၄င်းရက်၏ နောက်တနေ့ထုတ် သတင်းစာများ၌ မမြော်လင့်ဘဲ ပြုံးကနဲ ဖတ်ရှုရပါသည်။

### စုန္ဒသုတ်ကို သတိရမိသည်

စာရေးသူသည် ဤသတင်းကို ဖတ်ရှုရသောအခါ ယခုပျံလွန်တော်မူသွားရသည့် စာရေးသူတို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သက်တော်ထင်ရှား ရှိတော်မူစဉ်က အခေါက်ခေါက် အခါခါ ပို့ချတော် မူခဲ့ဘူးသော နိကာယ်ငါးရပ်တို့တွင် သံယုတ္တနိကာယ်၌ ပါဝင်သော မဟာဝဂ္ဂ သတိပဋ္ဌာနသံယုတ် စုန္ဒသုတ်တော်ကို ပြေး၍ သတိရမိပါတော့သည်။

ထိုသုတ်တော်၌ အရှင် သာရိပုတ္တရာ ပရိနိဗ္ဗာန် စံတော်မူကြောင်း ကြားသိတော်မူရသော သောတာပန် အရှင်အာနန္ဒာမထေရ်သည် ယူကျုံးမရ ဖြစ်တော်မူကာ တရားကိုပင် မဆင်ခြင်နိုင်ဘဲ ဝမ်းပန်းတနဲ ဖြစ်တော်မူခဲ့ရလေသည်။

ယင်းသို့ သောတာပန် အရှင်အာနန္ဒာ မထေရ်သည်ပင်လျှင် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံ ကြောင်း ကြားရသောအခါ ယူကျုံးမရ ဖြစ်တော်မူခဲ့ရသေးလျှင် ဤစာရေးသူတို့ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ် ဆရာတော် ဘပနတ်ထံ ပျံလွန်တော်မူကြောင်း ဝမ်းနည်းစရာသတင်းကို ကြားသိကြရသော မဟာဝိသုတာရာမနှင့် စပ်သမျှ ရဟန်းရှင်လူအပေါင်းတို့သည်လည်း အဘယ်မှာလျှင် ယူကျုံးမရ ဝမ်းပန်းတနည်း မဖြစ်ကြဘဲ ရှိနိုင်ကုန်ပါအံ့နည်း၊ အားလုံး ဝမ်းနည်းကြရမည်သာတည်း။

## ကျေးဇူးရှင်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ

မှန်၏၊ ဤဘဝနတ်ထံပျံလွန်တော်မူရသော စာရေးသူတို့ ထိပ်ခေါင်တင် ကျေးဇူးရှင် ဆရာတော် ဘုရားသည် ပခုက္ကူမဟာဝိသုတာရာမ၏တရားစစ်သူကြီး အရှင်သာရိပုတ္တရာ-ဟုပင် ခေါ်ဆိုထိုက်ပါပေ၏။ ဤနေရာ၌ စာရေးသူတို့ ကျေးဇူးရှင် ထိပ်ခေါင်တင် ဆရာတော်ဘုရား၏ ပခုက္ကူမဟာဝိသုတာရာမ၌ အရှင်သာရိပုတ္တရာပမာ သာသနတာဝန် ထမ်းဆောင်တော်မူခဲ့ပုံ ထေရုပ္ပတ္တိ အနည်းငယ်ကို ထုတ်ဖော်ပြပါဦးမည်။

## ဇာတိရပ်မြေ

ဆရာတော်သည် မိတ္ထီလာခရိုင် သာစည်မြို့နယ် မကျည်း ကန်ရွာ ခမည်းတော် ဦးဆပ်၊ မယ်တော် ဒေါ်ကောက်တို့မှ ၁၂၆၅-ခု၊ ဝါခေါင်လဆုတ် ၈-ရက် စနေနေ့၌ ဖွားမြင် တော်မူခဲ့ပါသည်၊ ၁၂-နှစ်သား အရွယ်၌ သာမဏေပြုခဲ့၍ ပိဋကတ် အခြေပြု ကျမ်းစာများကို သင်ယူခဲ့သည်။

## ပခုက္ကူသို့

ဆရာတော်သည် ၁၆-နှစ် အရွယ်၌ ပခုက္ကူမြို့ မဟာ- ဝိသုတာရာမ တိုက်ကြီးသို့ ကြွရောက်တော်မူခဲ့၍ အဂ္ဂ မဟာ ပဏ္ဍိတ အရှင် ပညာ မဟာထေရ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အရှင် သုန္ဒရ မဟာထေရ်၊ အဂ္ဂ မဟာ ပဏ္ဍိတ အရှင် နန္ဒဝံသ မဟာထေရ် တို့ထံ၌ ပိဋကတ်ကို အဋ္ဌကထာ ဋီကာ တွဲဖက်လျက် ဆိုဝါဖြင့် သင်ယူခဲ့ပါသည်။

## ဥပသမ္ပဒဘုံသို့

၁၂၈၄- ခုနှစ်၌ ပခုက္ကူမြို့ ဈေးဟောင်းရပ် ရတနသိဒ္ဓိ ဆီစက်ပိုင်ရှင်များ ဖြစ်ကြသော ဒေါ်မြစ်-ဒေါ်ချစ် တို့၏ ပစ္စယာ နုဂ္ဂဟာဖြင့် သူကောင်းတည် ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍မဟာဝိသုတာ ရာမ သိမ်ကျောင်းတော်ကြီး၌ ရဟန်းအဖြစ် ကို ရရှိတော် မူခဲ့လေသည်။

## ဂဏဝါစက စာချအဖြစ်

ဆရာတော်သည် ငယ်စဉ်က စ၍ ကြိုးစွာသော လုံ့လဖြင့် ပိဋကတ်ကို သင်ယူခဲ့သဖြင့် ရဟန်းသိက္ခာ ၅-ဝါအရ၌ ဂဏ

ဝါစက စာချအဖြစ် ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး များ၏ ချီးမြှောက်တော်မူခြင်းကို ခံယူရရှိတော်မူကာ မြား မြောက်စွာသော သံဃာတော်တို့အား စာပေပို့ချတော် မူခဲ့ရ လေသည်။

## မန္တလေး အမရပူရသို့

၁၂၈၀ ါစက စာချ ဖြစ်ပြီးနောက် ၆–ဝါမှစ၍ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် သူဌေး ဆရာတော်ထံ၌ ၁–ဝါ၊ အမရပူရမြို့ တူးမောင်းတိုက် ညဝါအကျော် ဆရာတော် ဦးနန္ဒိယ ထံ၌ ညဝါအတွက် တဝါ၊ မန္တလေးမြို့ ဘုရားကြီး တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာရဒ ထံ၌ ၁–ဝါ၊ ဤသို့ အသီးသီး နေထိုင်ကာ နေ့ဝါ ညဝါများ ဖြတ်ထုံး များကို ကျနစွာ သင်ယူခဲ့ရာ နေ့ဝါ ညဝါနှင့် မန္တလေး စာချ နည်းတို့ကို သရဖူဆောင်း တတ်မြောက်တော် မူခဲ့လေသည်။

## ပခုက္ကူပြန်ကြွ စာပေချ

ဆရာတော်သည် ဤသို့ ပညာစုံသောအခါ ပခုက္ကူမြို့ အမိ မဟာ ဝိသုတာရာမ ရွှေဘုံသို့ ပြန်ကြွတော်မူခဲ့၍ ရဟန်း အမ ကြီး ဒေါ်မြစ် ဒေါ်ချစ်တို့ လှူဒါန်းသော ရတန သိဒ္ဓိ တိုက် ကျောင်း၌ ယာပိုထိ မျှတကာ နေ့ဝါ ညဝါများကို ပို့ချတော် မူခဲ့လေသည်။

## မဇ္ဈိမဒေသသို့

ဆရာတော်သည် ရဟန်း ၁၅–ဝါ အရ၌ အိန္ဒိယ နိုင်ငံ ဗာရာဏသီမြို့ဝယ် ၁–ဝါ သီတင်းသုံးတော်မူခဲ့ကာ သက္ကတ ဘာသာကို လေ့လာခဲ့ပြီးနောက် ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းရာ

သာသနာ ပြုတော်မူခဲ့ရာ မဇ္ဈိမ ဒေသ ဗောဓိပင်နှင့် ပလ္လင်တော် သတ္တဌာန စေတီတော်များ သာဝတ္ထိ ရာဇဂြိုဟ် စသော ထိုထို ရှေးဟောင်း မြို့တို့၌ တည်ရှိသော ကျောင်းတော်ရာ စသည်တို့ကိုလည်း ကြွရောက် ဖူးမျှော်တော် မူခဲ့၏။

**အထူး အားသွန် ကြိုးပမ်းတော်မူခဲ့ပုံများ**

၁။ ၎င်းနောက် ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ ဂဏဘာရ နိတ္ထာရက တာဝန်၊ ပဋိဝိသောဓက တာဝန်ကိုရင်း။

၂။ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌လည်း သံဂီတိ-ဝိဓာယက တာဝန်၊ မူလဝိသောဓက တာဝန်တို့ကိုရင်း။

၃။ နိုင်ငံတော် ဝိနည်းခိုရ် တာဝန်ကိုရင်း၊

၄။ တော်လှန်ရေးအစိုးရ လက်ထက် ၁၃၂၆-ခု တပေါင်းလပြည့်နေ့၌ စတင် ကျင်းပခဲ့သော သာသနာသန့်ရှင်း ပြန့်ပွားရေး အစည်းအဝေးကြီး၏ ဦးစီး အဖွဲ့ဝင် တာဝန်ကိုရင်း။

၅။ ပခုက္ကူမြို့ မဟာ ဝိသုတာရာမ ဂဏဝါစက တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့၏ ဦးစီးတာဝန်ခံ တာဝန်ကိုရင်း။

၆။ ၁၃၃၂-ခုနှစ်မှ စ၍ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ အသင်းကြီး၏ ပဓာနဒေသိ နာယက ပုစ္ဆာထုတ်ခြင်း,စစ်ခြင်း တာဝန်တို့ကိုရင်း၊

ဤသို့သော တာဝန်တို့ကို ဂဏဝါစက တာဝန်ကို ထမ်းဆောင်ရင်းပင် အားသွန်ကြိုးပမ်းတော် မူခဲ့လေသည်။

## ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း

ဆရာတော်သည် ယင်းသို့သော သာသနာ့ တာဝန်များကို ထမ်းဆောင်ရင်းပင် ကြိုးကြားကြိုးကြား အချိန် အားလေးများ၌ ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့ပါ၏၊ ၎င်းကျမ်းတို့မှာ- -

၁။ မအူဆရာတော်ဘုရား၏ မဟာထေရုပ္ပတ္တိ ဒီပနီကျမ်း၊

၂။ မဟာဝိသုတာရာမ ထေရာပဒါန်ကျမ်း၊

၃။ ဗြဟ္မယာစန အဖြေကျမ်း၊

၄။ မဟာသမယ သုတ်များ ပါဠိတော် နိဿယနှင့် အဖွင့်အကျယ်ကျမ်း။

၅။ မဟာဝိသုတာရာမတိုက် သိမ်ကျောင်းတော်ကြီး မော်ကွန်း စသည်တို့ ပင်တည်း။

## မိန့်ခွန်းတော်များ

ကျေးဇူးရှင် ဆရာတော်ဘုရားသည် အခါအားလျော်စွာပင် တပည့် ရဟန်း ရှင် လူတို့အား ကျင့်သုံးဖွယ် အသေးစိပ် မိန့်ခွန်း များကိုလည်း မိန့်ကြားတော် မူခဲ့သေး၏၊ ဤနေရာ၌ ၁၃၁၉-ခုနှစ်မှ ၁၃၂၃-ခုနှစ်အထိ ၅-နှစ်တိတိပင် စာရေးသူတို့ ကျေးဇူးရှင် ထိပ်ခေါင်တင် ရတနသိဒ္ဓိ ဆရာတော်ဘုရား၏ ခြေတော်ရင်း၌ ဆရာတော် သက်တော် ထင်ရှား ရှိစဉ်က

ပညာ သင်ကြားခဲ့သော ယခု စာရေးသူနှင့် သာသနာပြုဖက် ဟင်္သာတမြို့ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ သိရီပဝရ ဓမ္မာစရိယ အဘိဓမ္မ ပါဠိ ပါရဂူ တောင်တွင်းကြီး ဦးကုဏ္ဍလထံမှ ရရှိသော ဘဝ နတ်ထံ ပျံလွန်တော်မူသည့် ကျေးဇူးရှင် ရတနသိဒ္ဓိ ဆရာတော်ဘုရား၏ ဩဝါဒထူးမိန့်ခွန်း တို့ကို တင်ပြပါဦးမည်။

## ပရိယတ်ဆိုင်ရာ မိန့်ခွန်း

"စာတလုံးကို မှားတယ်-လို့ ထင်တိုင်း လွယ်လွယ်ကူကူ မပြင်ပါနဲ့ဦး အကြိမ်ကြိမ် ကြည့်ရှု အကြိမ်ကြိမ် ပို့ချရပြန် တော့ ပင်ကိုယ် စာလုံးကိုပဲ သဘောကျ ကျေနပ်သွားတတ် ပြန်တယ်" လိုရင်းမှာ စာ့အလိုကိုချည့်လဲ မလိုက်နဲ့ ကိုယ့်အလို ကိုချည့်လဲ မလိုက်နဲ့၊ ချင့်ချိန်ပါ-ဟု ဆိုလိုရင်းတည်း၊

## ဝိနည်းဆိုင်ရာ မိန့်ခွန်း

"ဝိနည်း သိက္ခာပုဒ် ဆိုင်ရာ အဆုံးအဖြတ် မှားသွားယင် မသိသူတွေက အမှန်ပဲလို့ ယူဆတတ်ကြတယ်၊ သိသူတွေက တော့ ဒိပုဂ္ဂိုလ်ဟာ ဗာလကြီးပဲလို့ ယူဆကြလိမ့်မယ်၊ မိမိက နောင် အခါ စာကြည့်ရလို့ အမှန်ကို သိရပြန်ဦးတော့ ဗာလ ဆိုတဲ့ ထင်မှားခံရချက် ပျက်ဖို့ကတော့ မလွယ်ဘူး" လိုရင်းမှာ ဝိနည်း အဆုံးအဖြတ်ကို အရေးဘကြီး မဆုံးဖြတ်နဲ့ဦး၊ အခွင့်ရဆဲမှာ စာကိုသာ ကြိုးစားသင်ကြပါ-ဟု ဆုံးမလိုရင်းတည်း။

## ပဋိပတ်ဆိုင်ရာ မိန့်ခွန်း

"စာသင်တိုက်မှာ သင်ရတဲ့ စာတွေထဲမှာ ဝိပဿနာ ဆိုင် ရာတွေ ပါပါတယ်၊ ဒါပေမဲ့ ရိပ်သာများ ကမ္မဋ္ဌာန်း ဌာန

များမှာတော့ ဝိပဿနာဆိုင်ရာ စုပြီး ဆောင်းပြီး တပေါင်းတည်း ရှိနေတဲ့အတွက် လက်တွေ့ နည်းယူ အားထုတ်ဖို့ ကောင်းပါတယ်။ မိမိကိုယ်တိုင် အားထုတ်ရတာကိုလဲ ကျေနပ်ပါတယ်၊ (မိမိကိုယ်တိုင် တရား အားထုတ်သွားလို့ကြောင်း ဆရာတော်ထံ ခွင့်ပန်သော အခါကျမှ ဆရာတော်ကိုယ်တော်တိုင် တရား အားထုတ်ပြီးဖြစ်ကြောင်း သိရပါတော့သည်) လိုရင်းမှာ ပရိယတ် သင်ကြားနေရခြင်းသည် ပဋိပတ်ကျင့်ရန် ဖြစ်သည်။ ပရိယတ် ပဋိပတ်စွယ်စုံပါစေ– ဟု ဆုံးမလိုရင်းတည်း။

## အထွေထွေ မိန့်ခွန်းတော်များ

၁။ ပစ္စည်းလေးပါး ရရေးကို ဒို့က အလေးမပြုပါ –ဟုလည်း မိန့်တော်မူခဲ့၏။

"ဦးပဉ္စင်းတောင်းမှ လှူရမယ်ဆိုယင် ဘာကိုမှ လှူရတော့မည် မဟုတ်ပါ၊ လိုလောက်တာကို ကြည့်လှူရတာပဲ" ဟု တခါတုန်းက ကျေးဇူးရှင် ဆရာတော်ဘုရား၏ ရဟန်းအမကြီး ပြောဘူးသော စကားများက ဤမိန့်ခွန်းကို ထောက်ခံပေသည်။ လိုရင်းမှာ ပစ္စည်းလေးပါးကို မမက်မောကြပါလင့်၊ သာသနာ့တာဝန်ကိုသာ လေးလေးစားစား တန်ဘိုးထားပြီး ထမ်းဆောင်ကြပါ-ဟု ဆုံးမတော်မူလိုရင်းတည်း။

၂။ ကြောင့်ကျ စိုက်ရမဲ့ ကျောင်းကြီးမှာ မနေချင်၊ ကြောင့်ကျမဲ့ ကျောင်းလေး မှာဘဲ နေချင်တယ် – ဟု လည်း မိန့်တော်မူခဲ့၏၊ လိုရင်းမှာ အခြားကိစ္စ နဲ့ပါးပြီး သာသနာတော် အလုပ်ကိုသာ အားထုတ်ကြပါ- ဟု ဆုံးမလိုရင်းတည်း။

၃။ ဇေယျသုခ ဆရာတော် ဘုရားကြီးထံတော်သို့ (ဆရာတော် ဦးဂန္ဓမာ ထံ- ဟု ဆိုလိုသည်) ဆရာတော် ဘုရားကြီး မရှိခိုက် ကြွလာတော်မူသော အာဂန္တုက ဆရာတော်ကြီးကို ဘောဂ်ဗိပွဲဖြင့် ညော့ခံ ပြုစုရလို့ သိပ်ကိုဝမ်းသာရ ကြည်နူးရတယ် ဟုလည်း မိန့်တော်မူခဲ့၏၊ လိုရင်းမှာ ကျောင်းနေ ဘုန်းကြီး ဖြစ်တဲ့အခါ မိမိဖက်က တာဝန် ဝတ္တရား မချို့စေကြနဲ့-ဟု ဆုံးမသကဲ့သို့တည်း။

၄။ မသက်တဲ့ ဓားကိုလဲ သွေးပြီးသုံးရတာပါပဲ-ဟုလည်း မိန့်တော်မူခဲ့၏၊ လိုရင်းမှာ ဉာဏ်အသင့်စား တပည့်များကို လည်း စာပေရေးရာဖြင့် ချီးမြှောက်ရတာပါပဲ့၊ ဦးပဉ္စင်းတို့ ဆရာ ဖြစ်တဲ့ အခါကျတော့လဲ ဒီလိုပဲ ချီးမြှင့်ကြပါ- ဟု ဆုံးမ လိုရင်းဖြစ်၏၊ ဤသည်တို့ကား ဆရာတော်ဘုရား သက်တော် ထင်ရှား ရှိစဉ်က မိန့်တော်မူခဲ့သော မိန့်ခွန်းတို့ပါတည်း။ ဤ သို့သော သာသနာပြု ဆရာတော် ဘုရားကား ယခုအခါ လူ့ပြည်ငြီး၍ နတ်ထီး ပျော်တော်မူလေပြီတကား။

## မဟာဝိသုတာရာမ၏ အရှင်သာရိပုတ္တရာ

ဆရာတော်သည် ၁၂၆၅-ခု နှစ်၌ ဖွားမြင်တော် မူခဲ့၏၊ ယခု ၁၃၃၃-ခု၌ ဘဝနတ်ထံ ပျံလွန်တော်မူ၏။ လူ့ပြည်၌ ၆၈-နှစ်ပြည့်၍ ၆၉-နှစ်ပြုပြုမျှ မွေ့လျော်တော်မူခဲ့ရ၏၊ ၁၂-နှစ် အရွယ်၌ သာမဏေဘောင် တက်ခဲ့၍ ၁၂၈၄-ခုနှစ်၌ ရဟန်းဘောင်သို့ တက်တော်မူခဲ့၏၊ ကိုရင်ဝါ ၈-ဝါ၊ ရဟန်း ဝါ ၄၉-ဝါ ရရှိတော်မူခဲ့၏၊ ငါးဝါ အရကပင် စာချတော်

မူခဲ့၍ ပုံ့ပိုးလှူဒါန်းတော်မူသည့် အယင်တနေ့အထိပင် စာချတော်မူခဲ့ရာ ၄၁-နှစ်မျှ ပရိယတ္တိ သာသနာပြု အလုပ်ကြီးကို အားထုတ်တော်မူခဲ့၏။

ထို့ကြောင့် ဤယခု ဘဝနတ်ထံ ပုံ့ပိုးလှူဒါန်းတော်မူခဲ့ရသော စာရေးသူတို့၏ ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ရတနသိဒ္ဓိ ဆရာတော်ဘုရားသည် ပခုက္ကူမြို့ မဟာဝိသုတာရာမ၏ အရှင်သာရိပုတ္တရာ တပါး ပရိနိဗ္ဗာန်စံခြင်း-ဟု ဆိုပြန်သော် လွန်အံ့မသင့်ပါ၊ အမှန်အားဖြင့် မဟာဝိသုတာရာမ ပရိယတ္တိ ပင်မကြီး၏ ကိုင်းကြီးတကိုင်း ကျိုးခဲ့ရလေပြီ တကား။

**စုန္ဒသုတ်တော်ဖြင့် မျက်ရည်သိမ်း၍ ကျေးဇူး ဆပ်ကြပါကုန်စို့**

လက်ျာတော်ရံ မဟာပညာ ဇေတဝန်ရ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် စံလွန်တော်မူသောကြောင့် ဇေတဝင်ကျောင်းတန် ရာထူးခံသည့် သောတာပန် အရှင်အာနန္ဒာယူကျုံးမရ ဖြစ်စဉ်ကမူ သက်တော်ထင်ရှား မြတ်ဘုရားက တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ မျက်ရည်သိမ်းစေခဲ့၏၊ ဤ မဟာဝိသုတာရာမ၏ အရှင် သာရိပုတ္တရာအလား ရတနသိဒ္ဓိ ဆရာတော် ဘုရား ဘဝနတ်ထံ ပုံ့ပိုးလှူဒါန်းတော် မူသောကြောင့် ယူကျုံးမရ ဖြစ်ကြရသော ဆရာတော်ဘုရား၏ တပည့်-သားမြေး စာရေးသူတို့ကိုမူ မြတ်စွာဘုရားလည်း ပရိနိဗ္ဗာန်စံတော်မူခဲ့ပြီဖြစ်သောကြောင့် အဘယ်သို့သော ပုဂ္ဂိုလ်မြတ်က လာရောက်၍ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး၍ မျက်ရေ သိမ်းစေပါမည်နည်း။

ဤသို့ ဆင်ခြင်သတ်သော် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရား ဒေသနာ တော်များနှင့် ထို စာရေးသူတို့၏ ကျေးဇူးတော်ရှင် ဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်က မိန့်ကြားတော်မူခဲ့သော မေ့မောသတို့ကသော စာရေးသူတို့အား အပူငြိမ်း၍ မျက်ရေ သိမ်းစေတော် မူနိုင်ကြမည် အမှန်ပင်တည်း၊

ထို့ကြောင့် ဤ၌ စုန္ဒသုတ်တော်ကို ပေါ်ပြပါမည်၊ ဆရာတော်ဘုရား၏ တပည့် သား မြေး စာရေးသူတို့သည် ဤစုန္ဒသုတ်တော်လာ အတိုင်း ကျင့်ကြံ ပွါးများ အားထုတ်ကြကုန်လျက် မျက်ရေသိမ်းကြကုန်၍ ကျေးဇူးရှင် ဆရာတော်ဘုရား၏ မြားမြောက်အထူး မြတ်ကျေးဇူးတို့ကို ညွတ်ညွတ်နူးနူးပေးဆပ်ကြပါကုန်စို့။

## စုန္ဒသုတ်တော် လိုရင်းမြန်မာပြန်

အခါတပါး၌ မြတ်စွာ ဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေးကြီး ဆောက်လုပ်လှူဒါန်းသော နှလုံးမွေ့လျော်ပျော်ဖွယ်ကောင်းသည့် ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံး နေတော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာ၏ညီတော်စုန္ဒသည် နာလကရွာ မယ်တော် တိုက်ခန်း၌ နေခင်တော် အရှင် သာရိပုတ္တရာ ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ ဖြစ်ကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရန် ဇေတဝန် ကျောင်းတော်သို့ ကြွလာခဲ့ရာ ရှေးဦးစွာ အရှင် အာနန္ဒာနှင့် တွေ့ဆုံ၍ အရှင် အာနန္ဒာမထေရ်

အားလည်း အကြောင်းစုံကို လျှောက်ထားလေသည်။ အရှင် အာနန္ဒာ မထေရ်သည်လည်း ဤသတင်းကို ကြားသိရသော အခါ စိတ်နှလုံး တုန်လှုပ်၍ များစွာ ယူကျုံးမရ ဖြစ်ရရှာလေသည်။

ထို့ကြောင့် အရှင် အာနန္ဒာ မထေရ်သည် အရှင်စုန္ဒကိုလည်း ခေါ်ခဲ့၍ မြတ်စွာဘုရား ထံမှောက်သို့ ဝင်ရောက်လျက် မြတ်စွာဘုရားအား ယင်းအကြောင်းကို ကြားရ၍ မိမိမှာယူကျုံးမရ ဖြစ်ရကြောင်း များကို အပြည့်အစုံ လျှောက်ထားလေ၏။

အရှင် အာနန္ဒာ။ ။မြတ်စွာဘုရား ဤစုန္ဒက အရှင် သာရိပုတ္တရာသည် ပရိနိဗ္ဗာန် စံခဲ့ပါပြီ၊ ဤသပိတ် သင်္ကန်းသည် ထို အရှင် သာရိပုတ္တရာ၏ သပိတ် သင်္ကန်းပါ-ဟု ဤသို့ (ဤ သပိတ် သင်္ကန်းကိုလည်း ယူဆောင် ခဲ့၍ ) တပည့် တော် အား လျှောက်ထားပါသည် ဘုရား၊ မြတ်စွာဘုရား အမှန်စင်စစ် ဤသတင်းကို ကြားသိရသော ကြောင့် တပည့်တော်၏ ကိုယ်သည် လေးလံ ထိုင်းမှိုင်းနေပါ၏၊ ထပည့်တော်အား အရပ် မျက်နှာ တို့သည်လည်း မထင်ရှားတော့ပါကုန်၊ တရားတို့သည်လည်း တပည့်တော်၏ ဉာဏ်၌ မသက်ဝင်တော့ပါကုန် ဘုရား။

မြတ်ဗုဒ္ဓ။ ။ချစ်သား အာနန္ဒာ၊ သင့်နောင်တော် သာရိပုတ္တရာသည် သင်၏ သီလက္ခန္ဓ, သမာဓိက္ခန္ဓ,

ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓတွေကို ယူဆောင်၍ များပရိနိဗ္ဗာန်ပြုသွားလေသလား။

အရှင် အာနန္ဒာ။ ။ဒီလိုတော့လဲ မဟုတ်ပါ မြတ်စွာဘုရား၊ အမှန်မှာတော့ အရှင် သာရိပုတ္တရာသည် တပည့်တော်အား သြဝါဒ ပေးခဲ့ပါ၏၊ ဆုံးမစရာ ဖြစ်ပေါ်လာသော် အထူးထူး အပြားပြား ဆုံးမ သက်ဝင်စေခဲ့ပါ၏၊ အကောင်း အဆိုး အကြောင်း အကျိုးကို သိစေခဲ့ပါ၏၊ ထိုထို ဓမ္မသဘာဝကို ပြခဲ့ပါပေ၏၊ ကုသိုလ် ဓမ္မ တရားတွေကို ယူစေခဲ့ပါ၏၊ အားတက်စေခဲ့ပါ၏၊ ရွှင်လန်းစေခဲ့ပါ၏၊ တရား ဟောကြားခြင်းငှာ ပျင်းရိ ဆုတ်နစ်ခြင်း မရှိခဲ့ပါ၊ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တော် မူပါ၏၊ တပည့်တော်တို့သည် အရှင် သာရိပုတ္တရာ၏ ထိုတရားအမြိုက်ဓမ္မောဇကိုရင်း၊ ထိုတရား တည်းဟူသော သုံးဆောင်ခြင်း ဓမ္မဘောဂကိုရင်း ထိုတရားဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟကိုရင်း၊ အဖန်ဖန် အထပ်ထပ် အမှတ်ရနေကြပါသည် မြတ်စွာဘုရား။

မြတ်ဗုဒ္ဓ။ ။အာနန္ဒာ- မိဖဆွေမျိုး စတဲ့ အချစ်ဆုံး အခင်ဆုံး စိတ်နှလုံးကို ပွားစေတတ်သူ အားလုံးတို့နှင့် ဘယ်နည်းနှင့်မဆို မုချ ရှင်ကွဲ ကွဲခြင်းကိုရော, သေကွဲ ကွဲရခြင်းကိုရော, ဘဝကွဲ ဘုံကွဲ ကွဲရခြင်းကိုရော, ရှေးမဆွကပင် ကြိုတင်ပြီး သင့်ကို

ငါ ဟောထားပြီး မဟုတ်ပါလား၊ အာနန္ဒာ ဖြစ်ခြင်း, ကြီးပွားခြင်း, ပြုပြင်ရခြင်း, ပျက်စီး တတ်ခြင်း သဘောရှိသော တရားကို စင်စစ် မပျက်စီး ပါစေလင့်– ဟု ဤသို့ တောင့်တ၍ ရစကောင်းသော အကြောင်း မည်သည် မရှိနိုင် ဘူး၊ အာနန္ဒာ–အနှစ်ရှိသော သစ်ပင်ကြီးတပင် တည်ရှိနေစဉ် အကြီးဆုံး သစ်ကိုင်းသည် ပျက်စီး သွားသကဲ့သို့ ထို့အတူပင် များစွာသော ရဟန်း အပေါင်း တည်ရှိနေစဉ် သစ်ကိုင်းကြီး အလား အရှင် သာရိပုတ္တရာသည် ပရိနိဗ္ဗာန် ပြုလေပြီ၊ အာနန္ဒာ– ဖြစ်ခြင်း, ကြီးပွားခြင်း, ပြုပြင် ရခြင်း, ပျက်စီး တတ်ခြင်း သဘော ရှိသော တရားကို စင်စစ် အားဖြင့်မပျက်စီးပါလေလင့်၊ ဤ သို့ တောင့် တ ၍ ရ စ ကောင်း သော အကြောင်းမည်သည် မရှိနိုင်ဘူး၊ အာနန္ဒာ– ထို့ကြောင့်ပင် သင်တို့သည် သူ တပါးကို အား မကိုးကြဘဲ မိမိ ကိုယ်ကို အား ကိုး၍ နေကြကုန်လော့၊ အခြားတရားကို အားကိုး၍ မနေကြဘဲ(လောကုတ္တရာ)တရားကို အားကိုး၍ နေကြ ကုန်လော၊ အာနန္ဒာ– ရဟန်းသည် အဘယ် သို့ လျှင် သူတပါးကို အားမကိုးဘဲ မိမိကိုယ်ကို အားကိုး၍ နေရမည်နည်း၊ အခြား တရားကို အားမကိုးဘဲ လောကုတ္တရာ တရားကို အားကိုး၍ နေရမည်နည်း၊ အာနန္ဒာ– ဤ

သာသနာတော်၌ ရဟန်းသည် ပြင်းစွာ အား ထုတ်သော လုံ့လရှိသည်ဖြစ်၍ အမှတ်ရမှုသတိ ရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္ပဇဉ် ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ ဝေဒနာတို့၌ ဝေဒနာကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍နေ၏၊ အာနန္ဒာ -ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးဘဲ မိမိကိုယ်ကို မှီခို အားကိုး၍ နေရ၏၊ အခြားတရားကို အား မကိုးဘဲ လောကုတ္တရာတရားကို မှီခိုအားကိုး၍ နေရ၏၊ အာနန္ဒာ–ယခု ငါဘုရား မျက်မှောက် မှာဘဲဖြစ်ဖြစ်, ငါဘုရား ပရိနိဗ္ဗာန် စံလွန်သည့် နောက်ခါမှာဘဲ ဖြစ်ဖြစ်, သူတပါးကို အား မကိုးကြဘဲ မိမိကိုယ်ကို မှီခိုအားကိုးကြလျက် အခြားတရားကို အားမကိုးကြဘဲ လောကုတ္တရာ တရားကို မှီခိုအားကိုးကာ နေကြရမည့် ရဟန်း အားလုံးတို့သည် သိက္ခာ သုံးပါးကို လိုလား သော ရဟန်းအားလုံးတို့ထက် အမြတ်ဆုံးဖြစ် ကြလိမ့်မည်။

ဤကား (သံ-၃-၁၃၆)စုန္ဒသုတ်တော် ပါတည်း။

## စုန္ဒသုတ် တရားတော် ဆောင်ပုဒ်

၁။ ဖြစ်, ပွား, ပြု, ပျက်၊ ဤ လေး ချက်၊ ပျက်ရိုး သဘောတည်း။

၂။ မပျက်စေလို၊ တောင်းဆုဆို၊ အပို သဘောတည်း။

၃။ သူတပါးအား၊ မကိုးစား၊ ကိုယ့်အား ကိုယ်ကိုးပါ။

၄။ အခြားတရား၊ မကိုးစား၊ တရားအားကိုးပါ။

၅။ ဘယ်လိုမှီခို၊ မိမိကိုယ်၊ ဘယ်လိုတရား အားကိုးမှာ။

၆။ ရုပ်ဝေဒနာ၊ စိတ်ဓမ္မာ၊ လေးဖြာ ရှုမှတ်ပါ။

၇။ ဤလိုမှီခို မိမိကိုယ်၊ ဤလိုတရား အားကိုးမှာ။

၈။ ဘုရားရှိခါ၊ မရှိခါ၊ ကိုးရာ ဒါတဲသာ။

၉။ ဤလိုကျင့်သုံး၊ သူအားလုံး၊ မြတ်ဆုံး ဖြစ်ရမှာ။

၁၀။ စုန္ဒသုတ်မှာ၊ မြတ်ဗုဒ္ဓါ၊ မိန့်မှာ တရားပါ။

---

## ၁၃။ တရားဟောရင်းကြို သာသနာ့ဒီပါရုံ

### ပြည်မြို့ ၂-ခေါက် တရားဟောရောက်

စာရေးသူသည် ပြည်မြို့ကို တရားဟော ရောက်ခဲ့သည်မှာ ၂-ကြိမ် ၂-ခါ ရှိပါပြီ၊ ပထမတကြိမ်ရောက်ခဲ့ချိန်မှာ ၁၃၃၁-ခု၊ တန်ဆောင်မုန်းလ ဖြစ်ပါသည်။ ပြည်မြို့ကို ရောက်လျှင် လမ်းမတော်, ကျောင်းဆေးရေး (ဆွေးနွေး၊ ဘုရားတွင်း မွှာရုံနှင့်, ဆံတော်နယ်, ဖက်သကျင်းရပ်, ချမ်းသာရဘုရား မွှာရုံတို့၌ ၃-ညစီ တရားဟောကြားရသည်၊ မိုးအပြောင်း ဆောင်းအကူး အချိန်ဖြစ်၍ လောကဓါတ်တခုလုံး ငွေနှင်းမှုံ တို့ဖြင့် လွှမ်းခြုံအေးစက်နေသည်၊ လောကဓာတ် အတွင်းဝင် ပြည်မြို့တခုလုံးလည်း ငွေနှင်းမှုံ တို့ဖြင့် လွှမ်းဖုံးအေးစက်နေ ပါ၏။ ထို့အပြင် ထိုအခါဝယ် တုပ်ကွေးတို့ကလည်း မြန်မာ ပြည်အနှံ့ ခြေဆန့်နေချိန်ဖြစ်ရာ ပြည်မြို့၌လည်း တုပ်ကွေး ရောက်လျက် ရှိပါသည်၊ ထို့ကြောင့် ဟောကြားရသူရော နာကြားရသူတို့ပါ တုပ်ကွေး အနံ့အသက်နှင့် အေးစက်မှု တို့ကြောင့် အားရ ပါးရ မဟောကြားရ မနာကြားကြရပါ။ ထို့ကြောင့် ချမ်းသာရ ဂေါပကအဖွဲ့နှင့် ကျောင်းဆေးရေး ဂေါပကအဖွဲ့ လူကြီးတို့က စာရေးသူအား နွေပေါက်လျှင် ပြည်မြို့သို့ တရားဟော နောက်တခေါက် ကြွရောက်တော်မူပါ ရန် တောင်းပန်ကြလေသည်။

ထို့ကြောင့်ပင် စာရေးသူ သည် ၁၃၃၂– ခု၊ ဦးတန်ခူး လပြည့်ကျော် ၁၀–ရက်မှ ကဆုန်လဆန်း ၁–ရက်အထိ ပြည်မြို့ ချမ်းသာရ ဓမ္မာရုံနှင့် ကျောင်းဆေးရေး ဓမ္မာရုံတို့၌ ကြွရောက်ကာ ဒုတိယအကြိမ် ၃–ညစီ တရားဟောကြားရပြန်ပါသည်၊ ဒုတိယအကြိမ် တရားဟောချိန်မှာလည်း တပေါင်း တန်ခူး ထွန့်ထွန့်လူး၊ ကဆုန် နယုန် ဆွေ့ဆွေ့ခုန် ဟူသော နွေအခါ ဖြစ်နေပြန်သောကြောင့် ပူလွန်းလှ၍ ဟောကြားသူရော နာကြားကြသူများပါ ထင်တိုင်း မပေါက်ကြပြန်ပါ၊ တရားတပွဲ ဖြစ်မြောက်အောင်မြင်ရန်မှာ မလွယ်ကူလှပါ၊ ဟောသူရော နာကြားသူများပါ သပ္ပါယမျှတမည့် အပူအအေး မျှတချိန် ဖြစ်ခြင်း, ကျန်းမာရေးနှင့် ညီညွတ်ခြင်း, အစစ လုံလောက်သော အဆောက်အဦကို ရရှိခြင်း, တရားပွဲ ကျင်းပချိန်၌ ပျော်ပွဲရွှင်ပွဲတို့နှင့် မတိုက်ဆိုင်ဘဲ အားလပ်သော အချိန်ဖြစ်ခြင်း, မိုးသည်းလေလွတ်ခြင်း စသော အကြောင်းစုံတို့နှင့် ညီညွတ်မှသာလျှင် စိတ်တိုင်းကျ တရားပွဲတခု ဖြစ်မြောက် အောင်မြင်နိုင်ပါသည်။

## သာသနာ့ဒီပါရုံ စာသင်တိုက်

စာရေးသူသည် ဤသို့ ခက်ခဲလှသည့် တရားပွဲကို ပြည်မြို့၌ မဖြစ်မနေ ၂ ကြိမ် ကျင်းပရင်းပင် သာသနာ့ဒီပါရုံ၌ တည်းခိုရပါသည်၊ ယင်းသို့ တည်းခိုရင်းပင် သာသနာ့ဒီပါရုံကို လေ့လာခွင့်ရခဲ့ပါသည်၊ သာသနာ့ ဒီပါရုံကား ပြည်မြို့ ဗိုလ်ချုပ်လမ်း ရေဇရပ် ရပ်ကွက်၌ တည်ရှိသော စာသင်တိုက်လေး ဖြစ်၏၊ ကျောင်းဝိုင်းကား ၃–ဧက ခန့် ကျယ်ဝန်းပါမည်၊

ကျောင်းအဆောက်အဦးများမှာ ၇- ဆောင် ရှိကုန်၏။ ကြီးကျယ် ခမ်းနားသော စာသင်တိုက်ကြီး မဟုတ်သော်လည်း နေပျော် ထိုင်ပျော်ရှိ၍ ငယ်,လတ်,ကြီး စာသင်သားတို့အတွက် အားကိုးလောက်သော စာသင်တိုက်လေး တခု ဟု တော့ဆိုနိုင်ပါသည်။

## တည်ထောင်စာချ အကျိုးရ

ဤသာသနာ့ဒီပါရုံကို ၁၂၄၈-ခု၊ နယုန်လပြည့်ကျော် ၁၄- ရက်နေ့၌ သရက်ခရိုင် အလယ်လယ်ရွာဇာတိ ဆရာတော် ဦးကုမာရက တည်ထောင်တော်မူခဲ့၏။ ၎င်းဆရာတော်ဘုရားကြီးကား ၁၃၂၇-ခု၊ တော်သလင်း လဆန်း ၃-ရက်နေ့၌ ပျံလွန်တော်မူခဲ့၏။

၎င်းဆရာတော်ကြီး ပျံလွန်တော်မူသော် ၎င်းဆရာတော်၏ တပည့် ဆရာတော် ဦးသုန္ဒရက ဤသာသနာ့ ဒီပါရုံကို ဆက်ခံတော်မူလေသည်၊ ယခုလက်ရှိ သာသနာ့ဒီပါရုံကို ဆောင်ရွက်တော်မူကြသော ဆရာတော်တို့မှာ-

၁။ နာယက ဆရာတော် ဦးသုန္ဒရ (ဓမ္မာစရိယ)
၂။ စာချ ဆရာတော် ဦးဣန္ဒဝံသ (ဓမ္မာစရိယ)
၃။ စာချ ဆရာတော် ဦးဇာနိယ (ဓမ္မာစရိယ)
၄။ အကျိုးဆောင် ဆရာတော် ဦးဥတ္တရ- တို့ပင်တည်း။

သာသနာ့ဒီပါရုံ၌ ပြည်ခရိုင်, သရက်ခရိုင်,ဟင်္သာတခရိုင်, မျာပုံမြို့နယ် စသည်တို့မှ စာသင်သားတို့ ကြွရောက်ကြကာ ပညာရင်နို့ သောက်စို့တော်မူကြ၏၊ သာသနာ့ဒီပါရုံ၏ စာသင်သားတို့သည် အရဏဲဆွမ်းကို ပြည်မြို့၌ ၇-နေ့ ဆွမ်းလောင်း

သင်းတို့မှ လောင်းလှူသော ဆွမ်းဖြင့် မျှတတော်မူကြ၏။ နေ့ဆွမ်းကိုမူ ဆိုင်ရာ ရပ်ကွက်တို့သို့ ကြွရောက် ဆွမ်းခံခြင်းဖြင့် မျှတတော်မူကြ၏၊ အထူးအားဖြင့် သာသနာ့ဒီပါရုံ၏နာယက ဝန်ဆောင် ဆရာတော်တို့အတွက် ဆွမ်းကိုမူ ပြည်မြို့ ဆိုင်ရာ ရပ်ကွက်မှ ဆွမ်းအလှူရှင်တို့က ဆွမ်း ငါးဝတ်တည်၍ ပြုစုကြသည်။

## အမြဲတန်း တိုးတက်ထွန်းပြောင်နိုင်ပါစေ

သာသနာ့ဒီပါရုံသည် တည်ထောင်ခဲ့သော ၁၂၉၄-ခုနှစ်မှ ယခု ၁၃၃၁-ခုနှစ် အထိ ၃၇-နှစ် အတွင်း၌ ဓမ္မာစရိယ ၅-ပါး၊ ပဋမကြီး ၁၂-ပါးတို့နှင့် ပထမလတ်၊ ပထမငယ် အသွယ်သွယ်တို့ကို မွေးထုတ်နိုင်ခဲ့ပါပြီ၊ ထို့ပြင် မြန်မာပြည်၏ ကြက်သရေဆောင် ရှာဦး ရှာထိပ်မှ နေ၍ ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုတို့ကို ပြသ ဦးဆောင်တော်မူကြသော ကျောင်းထိုင် ဘုန်းတော်ကြီးတို့ကိုလည်း များစွာ မွေးထုတ်နိုင်ခဲ့ပါပြီ၊ ဤသည့် သာသနာ့ဒီပါရုံသည် မိမိ အမည် အားလျော်စွာ ဗုဒ္ဓသာသနာတော် တည်သမျှ ကာလပတ်လုံး ဆီမီးတန်ဆောင် ပမာ သီလ, သမာဓိ, ပညာ ဗုဒ္ဓသာသနာတော်ရောင်တို့ဖြင့် အမြဲတန်း တိုးတက်ထွန်းပြောင် ထိန်လင်းနိုင်ပါစေ-ဟု ဆန္ဒပြုရပါသတည်း။

---

၁၃၃၃-ခု၊ တပေါင်း လဆုတ် ၈-ရက် နေ့ထုတ်၊ ဗုဒ္ဓ ဓမ္မ လောက စာစောင် မှ။

## ၁၄။ ခမ္ဘတီး မြို့မကျောင်း၏ အရုဏ်တက်ချိန်

အချိန်မှာ ၁၃၃၂-ခု၊ တန်ဆောင်မုန်း လဆန်း ၂-ရက် နံနက်စောစော ဖြစ်၏၊ စာရေးသူသည် အုန်းမောင်း ခေါက်သံနှင့်အတူ နိုးလာသည်၊ စောင်ခြုံကို လှပ်သည်၊ မျက်စိကို ဖွင့်သည်၊ ခမ္ဘတီးမြို့၌ ခေတ်မီးစက် ရှိသော်လည်း ညဝက်သာ မီးပေး၏၊ ထို့ကြောင့် ကျောင်းပေါ်၌ ဖယောင်းတိုင်မီး, ဖန်အိမ်မီးများသာ လင်းနေကြ၏။

စာရေးသူရော ဆရာတော် ဦးသံဝရပါ အိပ်ရာမှထ, မျက်နှာ သစ်ကြ၏၊ ဦးညီပုတို့, ဦးခင်မောင်တို့ အခန်း ဖက်က ဘုရားရှိခိုးသံ ကြားရ၏၊ စာရေးသူတို့ အခန်းမှ အထွက် အခန်းကျယ်ကြီး၏ ဦးဖက်၌ သီတင်းသုံးတော်မူသော ရုပ်ပွါးတော်၏ရှေ့ဝယ် ဖန်မီးအိမ် အလင်းရောင်အောက်၌ ရှမ်း, ဗမာ အမျိုးသမီးများကို တွေ့ရ၏၊ သူတို့သည် ဆွမ်းစား ကျောင်း၌ ဆွမ်းဝတ်များ လှူဒါန်းထားခဲ့ကြပြီးနောက် ဤ ရုပ်ပွါးတော်ရှေ့ဝယ် ဆွမ်းကပ်ရန်, ဝတ်တက်ရန် ရောက်နေ ကြခြင်း ဖြစ်၏၊ ကျောင်းပြူတင်းကို ဖွင့်၍ကြည့်လိုက်ရာ ဖန်မီး အိမ်များ ယက်ဆွဲလျက် ဆွမ်းဝတ်ကို ခေါင်းပေါ် ရွက်ကာ ကျောင်းတွင်း ဝင်လာကြသူတို့ကို တွေ့ရဆဲတည်း၊ သူတို့လည်း ဆွမ်းဝတ်ကို ဆွမ်းစားကျောင်းပေါ် ထားပြီး ဆွမ်းတော်ကပ်

ရန် သီးခြားယူလာသော ဆွမ်းတော်ပွဲကို ယူကာ ဤကျောင်း ပေါ်ရှိ ရုပ်ပွါးတော် ရှေ့သို့ ရောက်လာကြ၏၊ ဆွမ်းစား ကျောင်းပေါ်၌ ကျိန်းစက်ကြသော ဤမြို့မ ကျောင်းမှ ရဟန်းတော် ၂-ပါးနှင့် ကိုရင် ၃-ပါးတို့လည်း စာရေးသူတို့ အခန်းတွင်းသို့ ဝင်လာကြ၏၊ စောစောစီးစီး ဘယ်အတွက် ရောက်လာကြသနည်း-ဟု စာရေးသူ အကဲခတ်နေသည်၊ စာ ရေးသူတို့ အခန်းတံခါးကို ဖွင့်ထားရာ ရုပ်ပွါးတော် ရှေ့ဝယ် ရှမ်းအမျိုးသမီးများ ဆွမ်းတော်ကပ်ရန် စုဝေး နေကြပုံကို အထင်းသား တွေ့နေရ၏၊

လူစုံသောအခါ ရုပ်ပွါးတော် ဘေးနား, ရုပ်ပွါးတော် အောက် နိမ့်သော ပလ္လင်ဘက်သို့ သီလပေးရန် ရဟန်းတော် တပါး ကြွရောက်တော်မူလာ၏။

ထိုအခါ "မြတ်စွာဘုရားကို ဆွမ်းတော်, ရေချမ်းတော် ကပ်ကြစို့"ဟု အသံဝဲဝဲနှင့် ရှမ်းအမျိုးသမီးကြီးက ဆိုလိုက်၏၊ ပရိသတ်အားလုံးက ဆွမ်းတော်,ရေချမ်းတော်ပွဲများကို ကိုယ်စီ ကိုင်ကြ၏၊ ဆွမ်းတော်, ရေချမ်းတော်ကပ် များကို ဆိုကာ ဆက်ကပ်ပူဇော်ကြ၏။

နောက် "ဘုရား ကန်တော့ကြ"ဟု ထိုရှမ်းအမျိုးသမီးကြီး ကပင် အသံဝဲဝဲ နှင့် ဆိုပြန်၏။ ပရိသတ် အားလုံးကလည်း ဘုရားကန်တော့ကြ၏။

နောက် "တရား ကန်တော့ကြ"ဟု ထိုရှမ်းအမျိုးသမီးကြီး ကပင် ဆိုပြန်၏၊ ပရိသတ်အားလုံး ကလည်း တရားကန်တော့ ကြ၏။

နောက် "သံဃာ ကန်တော့ကြ" ဟု ထိုအမျိုးသမီးကြီး ကပင် ဆိုပြန်၏၊ ပရိသတ်အားလုံးကလည်း သံဃာတော်ကို ကန်တော့ကြ ပြန်၏၊ ဤကား ၊အဝေး သံဃာ အားလုံးကို ကန်တော့ခြင်း ဖြစ်၏။

နောက် "ဆရာ ကန်တော့ကြ" ဟု ထိုအမျိုးသမီးကြီးပင် ဆိုပြန်၏၊ ပရိသတ် အားလုံးကလည်း သီလပေးရဟန်းတော်ကို ကန်တော့ကြ၏၊

နောက် "အားလုံး မျက်မှောက်သံဃာ ကန်တော့ကြ" ဟု ထိုအမျိုးသမီးကြီးကပင် ဆိုပြန်၏။ ပရိသတ်အားလုံးကလည်း မျက်မှောက်သံဃာတော်များကို ကန်တော့ကြပြန်၏၊ ထိုအခါ စာရေးသူတို့ အခန်းတွင်း၌ လာထိုင်နှင့်ကြသော ရဟန်းတော် ၂-ပါးနှင့် ကိုရင် ၃-ပါး တို့က ပြိုင်တူ ဆို၍ ဆုပေးတော်မူကြ၏။ ဤမျက်မှောက် သံဃာ ကန်တော့ခန်းဆုံးသောအခါ သီလပေး, ရဟန်းတော်မှတပါး ကျောင်းပေါ်ရှိ မျက်မှောက် သံဃာတော်အားလုံးက ကြာ ရာအရပ် မိမိရှိရာ အရပ်မှ ဆုပေးကြရ၏၊ ဆရာတော် ဦးသံဝရနှင့် စာရေးသူတို့ကား သူတို့ တုံးစံကို မသိလိုက်ကြ၍ ဆုမပေးကြရပြန်ပေ၊ မိုးကောင်း တန်းက စာရေးသူ ဆုမပေး လိုက်ရခြင်းကား ပဓာန သီလပေး ရဟန်းတော် အဖြစ် ဆုမပေးလိုက်ရခြင်း ဖြစ်၏။ ယခုဆရာတော်ဦးသံဝရနှင့် စာရေးသူတို့ ၂-ပါး ဆုမပေးလိုက် ရခြင်းကား အရုံသံဃာဖြစ်၍ ဆုမပေးတတ်၍ ဆုမပေးလိုက် ကြရခြင်း ဖြစ်၏၊ "အင်း- ရှမ်းတို့၏ ဓလေ့ထုံးပုံ အလုံးစုံကို ဒို့အကုန် မသိသေးပါတကား-" ဟု စာရေးသူတွေးမိ၏။

နောက် မျက်မှောက် သံဃာများက ဆုပေး ဆုံးသောအခါ ထို ရှင်အမျိုးသမီးကြီးကပင် ရွေးပြေး သီးခြား သီလတောင်း ကို ဆို၍ သီလတောင်း၏။

နောက် ထိုရှင်အမျိုးသမီးကြီး၏ ရွေးပြေးသီးခြား သီလ တောင်း ဆုံးသောအခါ ပရိသတ် အားလုံးက အဟံဘန္တေ စသော သီလတောင်းကို ဆို၍ သီလတောင်းကြပြန်၏၊ နောက် ထုံးစံအတိုင်း သီလပေး ရဟန်းတော်က သီလပေး၍ သီလယူ ပရိသတ် အားလုံးက သီလယူကြ၏။

နောက် သီလပေး သီလယူကိစ္စ ပြီးဆုံးသောအခါ ပရိသတ် အားလုံးက သူတို့ကိုယ်တိုင် ကုသိုလ်အားလုံးအတွက် ရေစက်ချ ဆိုကြ၍ ဆုတောင်းအမျှဝေကြ၏၊ ကိုယ့်တာဝန် ကိုယ်ထမ်း သွားကြခြင်း ဖြစ်၏၊ စာရေးသူတို့ ပြည်မမှာမူ သံဃာတော် များကပင် အလှူရှင်များ၏ ကိုယ်စား ရေစက်ချ ပေးကြရဆဲ ဖြစ်၏၊ အငှါးရေစက်ချသံဃာတော်တို့ကိုပင်ဘယ်ဆရာတော်က ရေစက်ချညံ့သည်၊ ဘယ်ဆရာတော်က ရေစက်ချ ကောင်းသည် စသည်ဖြင့် အလှူရှင်တို့က ဝေဘန် သလိုလို မြှောက်သလိုလို ပြောကြသေး၏။

နောက် ရေစက်ချ အမျှဝေ ဆုံးသောအခါ တဖန် အဆုံး သတ် အနေဖြင့် ‘‘ဆရာ ကန်တော့ကြ’’ဟု ထိုရှင်အမျိုးသမီး ကြီးကဆိုပြန်၏၊ ပရိသတ်အားလုံးကလည်း သီလပေး ရဟန်း တော်ကို ကန်တော့ကြပြန်၏၊ သီလပေးရဟန်းတော်က ဆုပေး ပြန်၏။

နောက်‘‘မျက်မှောက် သံဃာကန်တော့ကြ’’ဟု ထိုအမျိုး သမီးကြီးကပင် ဆိုပြန်၏၊ ပရိသတ်အားလုံးကလည်း ကန်တော့

ကြပြန်၏။ ထိုအခါ ရှေးနည်း အတူ စာရေးသူတို့ အခန်းတွင်းမှ ရဟန်းတော် ၂ ပါး နှင့် ကိုရင် သုံးပါးတို့ ကလည်း ဆုပေးကြပြန်၏၊ ဆရာတော်ဦးသံဝရနှင့် စာရေးသူတို့လည်း ရော၍ အမှ ဆုပေးလိုက်နိုင်ကြ၏၊ အားလုံး ကိစ္စ ပြီးပါပြီ၊ ရှမ်းပရိသတ်အားလုံးလည်း ပြန်သွားကြ၏။

"နေ့စဉ် ဒီလိုဘဲလား"ဟု စာရေးသူက အနားရှိ ဦးဇင်းကိုရင်များအား မေးကြည့်၏။

"မှန်ပါ နေ့စဉ် ဒီလိုဘဲ အရုဏ်ဆွမ်း လာပို့ကြ, ဘုရားဆွမ်းတော် ရေချမ်းတော် ကပ်ကြ, သီလယူကြ, ရေစက်ချကြ, ဆုတောင်း အမျှဝေကြရပါတယ် ဘုရား"ဟု ဦးဇင်းတပါးက ပြန်လျှောက်၏။

"အင်း ဒီလိုဆိုတော့ ဒို့ပြည်မနှင့် ကွာခြားကြပြန်ရောပ၊ ဒို့ဆီမှာဖြင့် အခုအခါ ဆွမ်းဝတ်ကိုတောင် ကျောင်းက ကျောင်းသားက အိမ်သွား ယူရတယ်၊ ကျောင်းကို ဆွမ်းလာပို့ကြပြန်လဲ ဘုန်းကြီးကို မြန်မြန် ပေါက်ဆိန်ပေါက် ဝတ်ချပြီး ပြန်သွားကြတယ်၊ မပြန်သေးလဲ ဘုန်းကြီးနှင့် တောင်တောင် မြောက်မြောက်တွေ ပြောပြီး အချိန်ဖြုန်းကာ ပြန်သွားကြရော"ဟု ဘွေးမိ၏။

## ခမ္ဘတီးရှမ်းအစုံ ဥပုသ်စောင့်ပုံ

"ဒီမှာ ဥပုသ်စောင့်ကြတော့ကာ ဘယ်လိုစောင့်ကြသလဲ ဦးဇင်းရဲ့"ဟု စာရေးသူက စပ်စုလိုက်ပြန်၏၊

"ဒီမှာ ဥပုသ်နေ့ကျယင် နံနက် ၇-နာရီလောက်မှာ သီလယူကြတယ်၊ နောက်တနေ့လုံး ကျောင်းမှာ တရားနာ, ပုတီးစိပ်ပြီး နေကြတယ်၊ ညနေ ပြန်ခါနီးမှာ သီလဆေးတဲ့ အနေနဲ့

ရှစ်ပါးသီလ ထပ်ယူကြတယ်၊ နောက်ပြီးတော့ ဒကာမတွေက ပြန်ရော၊ ဒကာတွေကတော့ မပြန်ဘူး၊ ကျောင်းမှာ အိပ်ကြတယ်၊ သားသမီးတွေက သူတို့အဖေများ အိပ်ကြဖို့ရာ ကျောင်းလာပြီး အိပ်ရာလိပ် လာပို့ကြတယ်၊ ဥပုသ်ထွက် နောက်တရက် နံနက်စောစောမှာ ဥပုသ်သည် အားလုံး ကျောင်းမှာ စုရုံးရောက်လာကြပြီး ကန်တော့ပွဲကိုယ်စီနှင့် ကျောင်းဆရာတော်ကို ကန်တော့ကြတယ်။ ငါးပါးသီလ ထပ်ပြီးမှ အိမ်ပြန်ကြတယ်၊ အိပ်ရာလိပ်တွေကိုတော့ သားသမီးတွေကဘဲ ပြန်ယူသွားကြတယ်''ဟု ဦးဇင်းတပါးက ပင် ခမ္မတီးရှမ်းများ ဥပုသ်စောင့်ပုံ ခပ်စုံစုံကို ရှင်းလင်းလျှောက်၏။

နောက် စာရေးသူတို့ အားလုံး ဆွမ်းစားကျောင်းကြွပြီး အရုဏ်ဆွမ်း ဘုဉ်းပေး ကြ၏၊ ဤခမ္မတီး မြို့မကျောင်း၌ ရဟန်းတော် ၃-ပါး, သာမဏေ ၃-ပါး ကပ္ပိယ ၃-ယောက်စီ ရှိကြောင်း သိရ၏၊ ၃-ဂဏန်း ခေတ်စားသော ကျောင်းပေတကား။

အရုဏ်ဘုဉ်းပေးပြီးနောက် ကျောင်းကြီးပေါ် ပြန်ရောက်သောအခါ စာရေးသူ၏စိတ်တွင်း၌ ဝမ်းမြောက်ကြည်နူးခြင်းများ ဝင်းလက် တောက်ပြောင် လာ ကြ ၏၊ ခမ္မတီးမြို့မကျောင်း၏ အာရုဏ်တက်ချိန်သည် ကုသိုလ်ပန်းတို့ဖြင့် ရွှင်လန်းလှပနေ၏၊ ကုသိုလ်ယနံ့ တို့ဖြင့် သင်းပျံ့နေ၏၊ မွှေးကြိုင်နေ၏၊ ကုသိုလ်နေမင်းကြီးသည် ပဝင်းနေသည် တကား။

---

၁၅-၁၁-၇၁ နေ့ထုတ် ရွှေတူဂျာနယ်မှ။

## ၁၅။ တောင်ထိပ်ပန်း ဥယျာဉ်များ၏ ပင်မ ပန်းဥယျာဉ်ကြီး

( တောင်ထိပ် ပန်းများကို ပညာ သင်ပေးခြင်းဖြင့် ရှိုင်းရာမှယဉ်စေသည်။)

အချိန်မှာ ၁၃၃၂-ခု တန်ဆောင်မုန်း လဆန်း ၂-ရက် နံနက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန် ဖြစ်၏။ နှင်းပုလဲတို့ မကွဲ တကွဲ၌ နေရောင်ခြည်လည်း မရဲတရဲ ပေါ်ထွက်ခါစ ဖြစ်၏။

စာရေးသူတို့သည် တော်လှန်ရေး အစိုးရ ဗုဒ္ဓ သာသနာပြု အဖွဲ့ ဗဟို တောင်တန်း သာသနာပြုကျောင်း ပေါ်မိုင်းရပ် ခမ္မ တီးမြို့သို့ သွားရောက် လေ့လာကြ၏။

"ဗဟို တောင်တန်း သာသနာပြုကျောင်း ဆိုပေမဲ့ မြင် တော်မူကြတဲ့ အတိုင်းပါဘဲ ဘုရား၊ ကျောင်းအိုကြီးနှင့် နေကြ ရတယ်၊ ဆောက်လုပ်ဆဲ ကျောင်းကြီးကလဲ အမိုးနှင့် တိုင်ပဲ ပြီး သေးတယ် ဘုရား" ဟု ယခု လက်ရှိ ဗဟို တောင်တန်း သာသ နာပြု ဆရာတော် ဦးကေသရက စာရေးသူတို့အား ခရီး ရောက် မဆိုက်မှပင် အမိန့် ရှိတော်မူ၏၊ ဟုတ်၏၊ စာရေးသူတို့သည် ယိမ်း ယိုင် အိုမင်းနေသော ကျောင်းကြီးပေါ်ဝယ် ကျိုးကျိုးပဲ့ပဲ့ ကြမ်းပေါက်များ ရှိသည့် ကြမ်းပြင်ပေါ်မှာ ခြေမချော်အောင်

သတိထား၍ တက်သွားကြရ၏၊ ကျောင်းကြီးက ကြီးသလောက် နေစရာ နေရာမရှိပေ၊ ယဉ်ကျေးနေပြီး ဖြစ်သော ဗမာ အဝတ်အစားနှင့် နာဂကျောင်းသားကလေးများက စာရေးသူတို့ကို လာရောက် ရှိခိုး ဝပ်တွားကြ၏။ ဆေးကွမ်းများကိုလည်း ရိုသေစွာ ဆက်ကပ်ကြ၏။

## ဗဟိုမှ ဆောင်ရွက်ချက်များ

"အရှင်ဘုရားများရဲ့ ဒီဗဟို တောင်တန်း သာသနာပြု ဌာနက ဘာတွေကို ဆောင်ရွက်ရပါသလဲ ဘုရား" ဟု စာရေးသူက ဆရာတော် ဦးကောသလအား လျှောက်ထား၏။

"တပည့်တော်များ ဒီ ဗဟိုဌာန ကျောင်းကနေပြီး ဆောင်ရွက်ကြရတာက........

၁။ တောင်တန်း သာသနာပြု ဌာနခွဲများမှ အစီရင်ခံစာများကို မိတ္တူ လုပ်ပြီး ရန်ကုန် အဖွဲ့ချုပ်ကို တင်ပို့ရပါတယ်။

၂။ ဌာနခွဲများမှာ ပေါ်ပေါက်တဲ့ပြဿနာအထွေထွေများကို ဖြေရှင်းပေးကြရပါတယ်။

၃။ ဌာနခွဲများကို ရိက္ခာအရောက် ပို့ပေးရပါတယ်။

၄။ ဌာနခွဲများမှ ပို့လိုက်တဲ့ နာဂရိုင်း ချင်းရိုင်းလေးများကို ပထမ မြန်မာစကား တတ်အောင် သင်ပေးရပါတယ်။ နောက် ဗုဒ္ဓသာသနာ ယဉ်ကျေးမှုများကို သင်ပေးရပါတယ်။ နောက် မူလတန်း ပညာများကို တိုက်ရိုက် သင်ကြားပေးရပါတယ်။ ရှေ့မှာ ဒီ ဗဟို ဌာနကနေပြီး အလယ်တန်း ပညာအထိ တိုက်ရိုက် သင်ပေးနိုင်အောင် အလယ်တန်းကျောင်း ဖွင့်ဖို့ရာ ရည်ရွယ်ပါတယ်။ အခုတော့ ဒီကျောင်းက မူလတန်းပညာများ

သင်ကြား ပေးပြီးယင် အခြား အလယ်တန်း အထက်တန်း ကျောင်းများသို့ ဆက်လက် ပို့သင့်သူများကို ပို့ပေးရတယ်။

သာသနာ့ဘောင် တက်ရောက်နိုင်သူများကို ရှင်ပြုပေးပြီး ကတဲက ကိုရင်ဝတ်နဲ့ မြဲအောင် ရဟန်းဘောင်တဆင့် တက်နိုင်အောင် ပြုစုပျိုးထောင် ပေးရပါတယ်၊ တဆင့် စာသင်ဘို့ သင့်သူများကို မြေပြန့် စာသင်ကျောင်းတိုက် များသို့ ပို့ပေးရပါတယ် ဘုရား'' ဟု ဆရာတော် ဦးကေသရက စိတ်ရှည်စွာ ပြောကြားတော်မူပါသည်။

## တောင်တန်းသာသနာပြု ဌာနခွဲများ

"အရှင်ဘုရားများရဲ့ တောင်တန်းသာသနာပြု ဆရာတော်များနှင့် ဌာနခွဲများက ဘယ်လောက် ရှိပါသလဲ ဘုရား''ဟု စာရေးသူက လျှောက်ထားပြန်သည်၊ ထိုအခါ ဆရာတော် ဦးကေသရက ဆက်လက်၍ ဤသို့ မိန့်တော်မူ၏။

၁။ အခု တပည့်တော်နှင့် ဆရာတော် ဦးဂန္ဓသာရတို့ ဆောင်ရွက်နေကြတဲ့ ခမ္မတီးမြို့ ပေါမိုင်းရပ် ဗဟိုတောင်တန်း သာသနာပြုဌာန။

၂။ ဆရာတော် ဦးကောဝိဒ ဆောင်ရွက်တော်မူတဲ့ ဟတ္ထိ တောင်တန်း သာသနာပြုဌာန၊

၃။ ဆရာတော် ဦးကောလာသ ဆောင်ရွက်တော်မူတဲ့ လဟယ်ဌာန။

၄။ ဆရာတော် ဦးဝိစိတ္တရ ဆောင်ရွက် နေတော် မူတဲ့ လေရှီးဌာန၊

၅။ ဆရာတော် ဦးသီရိန္ဒ ဆောင်ရွက်နေတော်မူတဲ့ လေရှမ်း စံပြရွာ ဌာန။

၆။ ဆရာတော် ဦးပဏ္ဍိတ (၁) ဆောင်ရွက်နေတော်မူတဲ့ ပဒူးမုန်း ဌာန။

၇။ ဆရာတော် ဦးပဏ္ဍိတ (၂) ဆောင်ရွက် နေတော်မူတဲ့ နန့်ဖါ ဌာန။

၈။ ဆရာတော် ဦးဝါယာမ ဆောင်ရွက်နေတော်မူတဲ့ ပန်ဆောင် တောင်တန်း သာသနာပြုဌာန–လို့ ၈–ဌာနရှိပါတယ်။ နောက်–

၉။ ယန့်စီဌာန၊ ၁၀။ ဆော်လော်ဌာန၊ ၁၁။ နန်းဟုန် ဌာန၊ ၁၂။ ချန်မကောက် ဌာန ဆိုတဲ့ ၄–ဌာန ကတော့ သာသနာပြုဆရာတော်များ မရှိကြတော့ဘူးဘုရား၊ အကြောင်း အမျိုးမျိုးကြောင့် မရှိကြတာပါပဲ ဘုရား၊ ယခု တပည့်တော် များ တောင်တန်း သာသနာပြုဌာနမှာ ခက်နေတာက လက်ရှိ တောင်တန်း သာသနာပြု ဆရာတော်တွေထဲက တွက်ချင်လို့လဲ ထွက်ခွင့် မရဘူး ဘုရား၊ နောက်ထပ် အသစ်လဲ မခန့်ထားဘူး ဘုရား။"

## ဌာနခွဲ ခရီး

တပည့်တော်များ နာဂတောင်တန်းတွေမှာ ရှိကြတဲ့ ဌာန တွေကို သာသနာပြု ဆရာတော်များ ကြွကြရတဲ့အခါ အနီး ဆုံး နေရာကို ၂–ညအိပ် ကြွကြရတယ်၊ တချို့ ၇–ညအိပ်၊ အဝေးဆုံးကတော့ တလအထိတောင် ကြွကြရတယ်။

ဆရာတော် ဦးဝါယမ သာသနာပြုတော်မူတဲ့ ပန်ဆောင်ဌာနဟာ လီဒို-အမည်ရှိတဲ့ လမ်းမကြီးဘေး အိန္ဒိယနယ်စပ်မှာဘုရား၊ မြစ်ကြီးနားကနေ မိုင် ၁၆၀ ဝေးကွာတယ်၊ ခမ္ပတီးတဖက်ကမ်း ဆင်သေကနေ ကုန်တင် လားများနဲ့ သွားယင်တလလောက် သွားမှ ရောက်တဲ့ နေရာပေါ့။

ဟောဒီ ဦးကောဝိဒ သာသနာပြုနေတော်မူတဲ့ ဟတ္တိဌာနနှင့် လဟယ်ဌာန၊ ဆော်လော်ဌာန၊ ယန်စီဌာန၊ ပန်ဆောင်ဌာနတို့ကို ဒီ ခမ္ပတီး တဖက်ကမ်း ဆင်သေကနေ ကြွသွားကြရတယ်၊ ကုန်ပစ္စည်းတွေကို လားနှင့်တင်ပြီး ယူကြရတယ်။ ဆင်သေကနေ ၁၈-မိုင်ဝေးတဲ့ ဟတ္တိဌာန အထိတော့ ကားလမ်းပေါက်နေပါပြီ၊ ကားလမ်း ဆိုပေမဲ့ မြေပွလမ်း ဘုရား၊ မိုးရာသီဆိုလုံးဝသွားမဖြစ်ဘူး၊ ဒီအရပ်မှာ မိုးတွင်းမဟုတ်တဲ့ ဆောင်းတို့ နွေတို့မှာလဲ မိုးက လစဉ် ရွာတာ၊တခါတခါမိုးရွာတာက အရေသိပ်များတာ၊တပည့်တော်တို့သာသနာပြုဆရာတော်တွေဟာ တခါတခါ လမ်းသွားယင်း တည်းခိုစရာမရှိယင် လမ်းဘေး သစ်ပင် အောက်မှာ ပလပ်စတိတ် ခြုံပြီးကျိန်းစက်ကြရတယ်။

နောက် ပိန်းကူးနာဂများနေတဲ့ ပဒူးမုန်းတို့ဖက် ကြွကြရတဲ့ ဆရာတော်တွေ ကတော့ ချင်းတွင်း မြစ်ကို ခမ္ပတီးကနေလှေနဲ့ ၂-ညအိပ် ဆန်တက်ကြရတယ်၊ ပြီးတော့ ကုန်းကြောင်းတခါ ကြွကြရတယ်။

နောက် လေရှီးဌာနတို့ လေရှီးစံပြရွာ ဌာနတို့ကို ကြွကြရတဲ့ အရှင်မြတ်တွေဟာ ဆိုယင် ခမ္ပတီးက ချင်းတွင်းမြစ်

အတိုင်း ထမန်သီလား စခန်းအထိ စုန်ဆင်းပြီးမှ ထမန်သီလား စခန်းကနေ တက်ကြရတယ်၊ တပည့်တော်များ သာသနာပြု ဌာနတွေကို ကြရန်-

၁။ ဆင်သေလား စခန်းကနေ တလမ်း၊
၂။ ခမ္မတီး ချင်းတွင်းကနေ ဆန်တက်ရတာက တလမ်း၊
၃။ ထမန်သီလား စခန်းကနေ စုန်တက်ရတာက တလမ်း၊
ပေါင်း လမ်းသုံးသွယ် ရှိတယ်၊

တချို့ သာသနာပြု ဆရာတော်တွေဆိုယင် ဗဟို ဌာနကို ပြန်မရောက်လာကြတာ ၂-နှစ်, ၃-နှစ်ရှိပြီ၊ စစ်တပ် အကူအညီ ဝိုင်ယာလက်ဖြင့် ဆက်သွယ်ပြီး ဘယ်ရောက်နေပြီ ကျန်းမာစွာ အသက် ရှင်နေပါတယ် - ဆိုတဲ့ သတင်းကြောင်း ရှင်ကြောင်း လောက်သာ သိရတယ်ဘုရား" ဤသို့လျှင် ဆရာတော် ဦးကေသရက မမောတမ်း မညောင်းတမ်းပင် အမိန့်ရှိတော်မူပါ သည်။

## ဗဟိုဌာနကျောင်းသားတို့၏ အခြေအနေ

စာရေးသူ။ ။"ယခု အရှင်ဘုရားများ ဒီဗဟို ဌာနမှာက ကျောင်းသား ဘယ်နှစ်ယောက်လောက် ရှိပါ သလဲ ဘုရား"

ဦးကေသရ၊ ။လက်ရှိ မူလတန်း ကျောင်းသား ၁၆၂- ယောက် ရှိပါတယ်၊အဲဒီထဲမှာ တောင်တန်း သာသနာပြု ကျောင်းများမှ ပို့လိုက်တဲ့ အမြဲနေ ညအိပ် ကျောင်းသားများက ၆၃-ယောက် ပါဘုရား။ ကျန်တဲ့ ၉၉-ယောက်ကတော့ ခမ္မ

တီးမြို့ထဲက လာထားတဲ့ ကျောင်းသားတွေပါ ဘုရား။

စာရေးသူ။ ။ဒီအမြဲနေ ကျောင်းသား ၆၃-ယောက်ရဲ့ ကုန်ကျစရိတ်ကတော့ ဘယ်လောက် ကုန်ကျပါသလဲ ဘုရား။

ဦးကေသရ။ ။တလမှာ ကျောင်းသား ၆၃-ယောက်အတွက် ဆန်ဘိုးချည်း သက်သက်က ၂၃၂-ကျပ် ကုန်ကျပါတယ် ဘုရား။ အဝတ်အစား အတွက်က တနှစ်မှာ ၇၀၀-လောက် ကုန်ကျပါတယ် ဘုရား။

စာရေးသူ။ ။အဲဒီ ကုန်ကျစရိတ်တွေကို ဘယ်က ဘယ်သူက တာဝန်ယူပါသလဲ ဘုရား။

ဦးကေသရ။ ။သူတို့အတွက် အစိုးရထောက်ပံ့တဲ့ ငွေလဲ ရှိပါတယ်၊ အဲဒီ အစိုးရထောက်ပံ့ငွေကတော့ ဆန်ဘိုးပဲ သုံးလောက်ပါတယ်၊ လိုတဲ့ကုန်ကျစရိတ်ကိုတော့ စေတနာရှင်များ အလှူငွေနဲ့ အဲဒီ အမြဲနေ ကျောင်းသားများရဲ့ လုပ်အားခနဲ့ပဲ ဖြစ်အောင် ဆောင်ရွက်ရပါတယ် ဘုရား။

စာရေးသူ။ ။အမြဲနေ ညအိပ်ကျောင်းသားများရဲ့ လုပ်အားခ ဆိုတာက ဘယ်လိုပါလဲ ဘုရား။

ဦးကေသရ၊ ။ဟိုမှာ ကြည့်လေ၊ ဒီ ကျောင်းဝိုင်း ထဲမှာပဲ စိုက်ပျိုးရန် ကျောင်းပိုင် မြေ တဧကလောက်

ရှိတယ်၊ အဲဒီမြေမှာ အမြဲနေ ကျောင်းသား များ ကျောင်းအားချိန် မှာ ဗူး ဖရုံ, နံနံပင်, ဒေါနပန်း, သစ္စာပန်း, မေမြို့ပန်း, မုံလာ, မုံညင်း, ခရမ်း, ခရမ်းချဉ်များကို စိုက်ပျိုးကြ တယ် ဘုရား၊ ဤသို့ အမိန့်ရှိရင်း ဆရာတော် ဦးကေသရ က ကျောင်း ပြူ တင်း ပေါက် မှ ကျောင်းဝိုင်းအတွင်း စိုက်ပျိုးခင်းများကို လက် ညှိုးညွှန်ပြတော်မူသည်၊ ဟုတ်၏၊ သူတို့စိုက်ပျိုး ခင်းများကား အားနဲ့မာန်နဲ့ ရှင်လန်း ရှင်သန် လျက် ပါတကား။

စာရေးသူ။ ။ဒါနဲ့ စရိတ်မလုံလောက်ယင်ကော ဘုရား၊ ဘယ် လို ဆောင်ရွက်ရပါသေးသလဲ၊

ဦးကေသရ။ ။ဒါတော့ တပည့်တော်များက စိုက်ထုတ်ရတာ ပေါ့ ဘုရား။

စာရေးသူသည် ဤသို့လျှင် တောင်တန်းသာသနာပြုဆရာ တော်တို့၏ လုပ်ငန်းကို တစေ့တစောင်း လေ့လာခွင့် ရခဲ့ပါ၏။ ယင်းလုပ်ငန်းကို များစွာလဲ စိတ်ဝင်စားမိပါ၏၊ ထိုအရှင်မြတ် များသည် တောင်တန်းတခွင်ကို လူနေမှု အဆင့်အတန်း မြင့် မားရေး၊ ဗုဒ္ဓသာသနာ ယဉ်ကျေးမှု စည်ကား တိုးတက်ရေး များအတွက် ထက်ထက် မြက်မြက် ဆောင်ရွက် နေတော်မူကြ သော အာဇာနည် အရှင်မြတ်တို့ ပါပေ၊ တောင်တိုင်ပန်း

ဥယျာဉ်များနှင့် တောင်ထိပ်ပန်း ဥယျာဉ်မှူးတို့၏ ဤဗဟိုဌာန ပင်မ ပန်းဥယျာဉ်ကြီးသည် အစဉ်ရှင်လန်းတိုးတက်၍ တောင်ထိပ်ပန်း ဥယျာဉ်များနှင့် တောင်ထိပ်ပန်း ဥယျာဉ်မှူးတို့ကို အစဉ်စောင့်ရှောက် ပေါက်ပွား ပေးနိုင်ပါစေ သတည်း။

---

၁၅-၁၀-၇၁ နေ့ထုတ် အိုးဝေဂျာနယ်မှ။

## ၁၆။ လုပ်ချင်တာကို များများ မလုပ်ရသေးခင်, လုပ်သင့်တာကို လုပ်ရင်း, လုပ်ချင်တာကိုလဲ လုပ်ဖြစ်သလောက် လုပ်ရသေးတယ်

အချိန်မှာ ၁၃၃၂-ခု၊ နှောင်းတန်ခူး လပြည့်ကျော် ၁-ရက်နေ့ နေ့ဆွမ်း ဘုဉ်းပေးပြီးချိန် ဖြစ်သည်၊ နေရာမှာ မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်း သာသနာ့ ရိပ်သာ မဟာစည်ကျောင်းတော် ပေါ်မှာ ဖြစ်သည်၊ စာရေး သူသည် ဆွမ်းဘုဉ်းပေးပြီးစမို့ အခန်းတွင်း ဝင်ကာ အနည်း ငယ် မှိန်းနေသည်၊ ထိုစဉ် တံခါးခေါက်သံ ကြား၍ ဖွင့်ကြည့် လိုက်ရာ သံဃုပဋ္ဌာက ယောဂီ ကမ္မဋ္ဌာန်း ဦးပါက "ဒကာမ ကြီး တယောက်က ကန်တော့ချင်လို့ပါတဲ့ ဘုရား"ဟု လျှောက် သဖြင့် စာရေးသူ ဧည့်ခန်းဖက်သို့ ထွက်ခဲ့သည်။ ရုပ်ရေဖြူဖြူ ထွားထွား ဝတ်ပုံဆင်ပုံ မြန်မာဆန်ဆန် တည်ငြိမ်သော ဣန္ဒြေ ဆောင်သည့် ဒကာမကြီးတယောက်ကို သူငယ်မတယောက်နှင့် အတူ တွေ့ရသည်။

ထိုဒကာမကြီးက "တပည့်တော်မ မဟာစည် ဆရာတော် ဘုရား၏ စာအုပ်တွေကို ဖတ်ရင်း တရားအားထုတ်ချင်စိတ်တွေ ပေါက်လာတာနဲ့ မဟာစည် ဆရာတော်ဘုရားကို ဖူးမျှော်ရန်

ဒီရိပ်သာကို လာခဲ့ပါတယ်ဘုရား၊ အခု ဒီဆရာကြီး ဦးပါက မဟာစည် ဆရာတော် ရန်ကုန် ကြွသွားသေးတယ်- ပြောလို့ အရှင်ဘုရားဆီ လာခဲ့ရပါတယ် ဘုရား''ဟု လျှောက်သည်။

စာရေးသူ။ ။ဟုတ်တယ်၊ ဆရာတော် ဘုရားကြီးလဲ ဒီရိပ်သာ တပေါင်း လပြည့်နေ့ ဖွင့်ပွဲ ပြီးချိန်က စပြီး သုံးလာ လောက် သီတင်းသုံးဖို့ပါပဲ၊ ဒါပေမဲ့ ရန်ကုန်ရိပ်သာ မှာ သာသနာရေး ကိစ္စတွေ ရှိတာနဲ့ ခေတ္တပြန်ကြွသွား တယ်၊ ပြန်ကြွလာပါလိမ့်ဦးမယ်၊ ဒီဃာဘာဏကပဲ လုပ် ရာမှာ ဩဝါဒ ချီးမြှောက်စရာကလဲ ရှိနေ၊ ရန်ကုန် ရိပ်သာမှာပင် နိုင်ငံခြားကရောက်နေပြီဆိုတဲ့ ယောဂီနဲ့ ဆွေးနွေးဟောကြားစရာကလဲ ရှိနေ၊ အခြားကိစ္စများ ကလဲ ရှိနေတာကြောင့် အခု တန်ခူးလဆန်း ၁၃-ရက် နေ့ကပဲ ရန်ကုန်ကို ကြွသွားတော်မူရတယ်၊ ကဆုန် လဆန်းအတွင်းမှာ မော်လမြိုင်ကို ပြန်ကြွရောက်တော် မူလာပါလိမ့်မယ်၊ ဒကာမကြီးက ဘယ်ကလဲ။

ဒကာမကြီး။ ။တပည့်တော်မခွဲ နာမည်က ဒေါ်သန်းဆွေ ခေါ်ပါတယ်ဘုရား၊ ဇာတိက မန္တလေး တောင်ဖက် ပုလိပ်ဘူတာအနီး လိပ်ဆံကုန်းရွာကပါ၊ အခု ဒီမော်လ မြိုင် ကောလိပ်မှာ မြန်မာစာဌာနမှူး အဖြစ်နဲ့ ဝန် ထမ်းနေရပါတယ်၊ တပည့်တော်မရဲ့ အမေ, အဖေ တွေက စပြီး တပည့်တော်မပါ ငယ်စဉ်ကတဲက ကျေး ဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာများကို အကြည့်များခဲ့ကြပါတယ်၊ တပည့်တော်မဟာ အဲဒီ

ကုတဲက တရား အားထုတ်ချင်တဲ့ဖက်ကို ယိုင်လာခဲ့တာပါ၊ အခြေအနေ မပေးတာကြောင့် တရားအားမထုတ်ဖြစ်ခဲ့သေးပါ၊ အခုတော့ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ တရားကို အားထုတ်ဘူးတဲ့ ကျောင်းသူတပည့်တယောက်က မဟာစည်ဆရာတော် ဟောကြားတော်မူတဲ့ ဘာရသုတ္တန် တရားတော်,ဝိပဿနာအခြေခံ တရားတော် စာအုပ်များကို ငှါးလို့ ဖတ်ရပါတယ်၊ နောက် ရန်ကုန်က ဆွေမျိုးများ ဆီကလဲ မဟာစည်ဆရာတော်ဘုရား ရေးတဲ့ အလုပ်ပေး တရားတော် စာအုပ်ကို ပို့လိုက်ပါတယ်၊ အဲဒီ စာအုပ် ၃-အုပ်ကို အကြမ်းဖျဉ်း ဖတ်ပြီး ပါပြီ၊ ဖတ်ရသလောက်လဲ သဘောကျလွန်းလို့ အားထုတ်ချင်စိတ်တွေ ထက်သန်လှပါတယ်ဘုရား။

စာရေးသူ။ ။ဩော်- ဒေါ်သန်းဆွေက ထင်ရှားတဲ့ပုဂ္ဂိုလ်ပဲ၊ ဒကာမကြီး တည်းဖြတ်ပြီး အမှာစာရေးတဲ့ ပျို့စာအုပ် ၂-အုပ်ကိုလဲ ဦးပဇင်း ဖတ်ဖူးပါတယ်။ တရား အားထုတ်ချင်စိတ်တွေ ပေါ်နေတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်၊ အားထုတ်လို့ပေတော့။

ဒကာမကြီး၊ ။မလွယ်သေးဘူး ဘုရား့၊ တပည့်တော်မမှာ အလုပ်တာဝန်တွေက များလှပါတယ် ဘုရား။

စာရေးသူ။ ။အခု အသက်ဘယ်လောက် ရှိပြီလဲ၊ ပင်စင်ရတော့ ဇောက်ချလုပ်တာပ။

ဒကာမကြီး။ ။အသက်က ခုမှ ငါးဆယ်ကျော်ခါစ ရှိသေးတယ်၊ ပဉ္စင်းပေးမှာက အသက်ခြောက်ဆယ်ကျော်မှ ဘုရား။ အယင်ကတော့ ပဉ္စင်းရဟန်း ဝါသနာပါတဲ့ စာတွေကို ရေးမယ်၊ နောက်ပြီးမှ တရားဖက်ကို လိုက်စားမယ်လို့ အောက်မေ့ခဲ့တယ်၊ အခုတော့ အလုပ်အနားယူလို့ ပဉ္စင်းရဟန်း တရား အရင်အားထုတ်မယ်, စာ နောက်မှ ရေးမယ်လို့ စိတ်ကူးတယ် ဘုရား။

စာရေးသူ။ ။ကောင်းပါရဲ့၊ ဒါပေမဲ့ သခြင်းတရားဆိုတာ စိတ်ချရတာ မဟုတ်ဘူး၊ ပဉ္စင်း မယူခင်လဲ အခွင့်အခါ ကြည့်ပြီး အားထုတ်မှ ဖြစ်မယ်၊ နေ့မအားတောင် ညအိပ်ချိန်ထဲက နှုတ်ပြီး အားထုတ် သင့်တယ်၊ ဘုန်းကြီးတို့ မြတ်စွာဘုရားမှာ ပေနေယျ သတ္တဝါတွေ အတွက် ၄၅-ဝါတို့ ကာလပတ်လုံး သာသနာပြုတော်မူသွားရာမှာ တရက်လျှင် ၂၄-နာရီ ရှိတဲ့ အနက် ၁-နာရီနှင့် မိနစ် ၂၀-မျှသာ အနားယူ ကျိန်းစက်တော်မူခဲ့တယ်။ မြတ်ဘုရားရဲ့ လုပ်အား ဂုဏ်တော်တွေကို အာရုံပြုပြီး မြတ်ဘုရားလောက် အိပ်ချိန်ကို မလျှော့နိုင်တောင်မှ မိမိနေ့စဉ် ညစဉ် အိပ်ချိန်ထဲက တနာရီ နှစ်နာရီလောက် နှုတ်နှုတ်ပြီး ညတိုင်း တရားအားထုတ်ပါက ဖြစ်နိုင်ပါတယ်။

အခု ရန်ကုန် သာသနာ့ရိပ်သာမှာ ယောဂီတွေကို သောကြာနေ့တိုင်း ကုသိုလ်ဖြစ် ဆေးကုသ ပေးနေတဲ့ ဒေါက်တာမြင့်ဆွေ ဆိုတာလဲ ဆရာဝန်ဆိုတော့ နေ့မှာ

အလုပ်တွေ ရှုပ်ပွေနေတာနဲ့ ညညမှာ တရားကြိုးစား အားထုတ်ခဲ့တယ်၊ ညပေါင်း များလာတော့ တရား တော်တော် ပြည့်စုံသွားပါတယ်။

သူတရားရပုံတွေကို အားရလွန်းလို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူတဲ့ အရိယာဝါသ တရားတော် စာအုပ်မှာတောင် သူ ကိုယ်တိုင် နိဒါန်းရေးပြီး ဖော်ပြထားပါတယ်၊ တော် တော် စိတ်ဝင်စားစရာ ကောင်းပါတယ်။

နောက် ကမ္ဘာမှာ အလုပ်အများဆုံး ဖြစ်တဲ့ ကုလ သမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ဆိုယင် အလုပ်ရှုပ်တဲ့ ကြားထဲကနေ နေ့စဉ် တရားအားထုတ်ချိန် ချိန်ယူပြီး အားထုတ်ကြောင်း သူ့အတ္ထုပ္ပတ္တိ စာအုပ်မှာ ဖတ်ရ ပါတယ်၊ ဒကာမကြီးလဲ အဲဒါတွေကို အားကျပြီး တရား အားထုတ်ခွင့် အခါကို ရအောင် ကြိုးစားသင့် ပါတယ်။

အဲသေ လုပ်ချင်တာကို မလုပ်ရသေးခင် လုပ်သင့် တာကို လုပ်ရင်း လုပ်ချင်တာကိုလဲ လုပ်ဖြစ်သလောက် လုပ်ရသေးတယ် ဒကာမကြီး။

ကဲ- ဟောဒီ ဝိပဿနာရှုနည်း အကျဉ်းချုပ် စာ အုပ် ယူသွား၊ အဲဒီထဲမှာ ရှုမှတ်ပုံနှင့် ဉာဏ်ဖြစ်ပုံ အစုံ ပါတယ်၊ မရှင်းတာတွေ့ယင်လဲ ဒီရိပ်သာ လာမေးလှဲ၊ ဘုန်းကြီး ပြုပြင်ရှင်းလင်းပေးမယ်၊ ဝါတွင်းကျတော့ လဲ ဆရာတော် ဦးသုဇာတ ဆိုတာ ဒီရိပ်သာမှာ ဝါဆို

မယ်၊ အဲဒီ ဆရာတော်ထံမှာလဲ သိလိုတာ လျှောက်ပေါ့။

ဒကာမကြီး။ ။မှန်ပါ ကြိုးစားပါဦးမယ် ဘုရား။
ဟု လျှောက်ကာ ဒကာမကြီး ပြန်သွားလေသတည်း။

---

၁၄-၈-၇၁ နေ့ထုတ်၊ ဗုဒ္ဓမဂ္ဂလောက စာစောင် မှ။

## ၁၇။ မဟာစည် ဆရာတော်ဘုရား တရားဟော ကြွခါနီးဝယ်

အချိန်မှာ ၁၃၃၂-ခု၊ တပေါင်းလပြည့်ကျော် ၉-ရက်နေ့ နံနက် ၄-နာရီ အချိန် ဖြစ်သည်။ နေရာကား မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်းရှိ မဟာစည်ကျောင်းတော် ပေါ်မှာ ဖြစ်သည်။ ဆရာတော်ဘုရားကြီးနှင့် စာရေးသူတို့ သည် ဗုဒ္ဓရုပ်ပွါးတော်ရှေ့ ခင်းထားသော နေရာဝယ် ကိုယ် ဝတ်သက်န်းကို လက်ကန်တော့ရစ်သိုင်းကာ ဘုရားရှိခိုးကြပါ သည်။ အချင်းချင်း အနှောက်အရှက် မဖြစ်အောင် တိုးတိုး သက်သာ လေသံမျှတ်ပွားကြ၍ ဂုဏ်တော်များကို အထူး အာရုံပြု ရှိခိုးကြပါသည်။

ဘုရား ရှိခိုး ပြီးနောက် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ကြ ပါသည်၊ ထို့နောက် ဆရာတော်ဘုရားကြီး၏ အခန်းတွင်းသို့ ဝင်ခဲ့ကြပါသည်၊ ဆရာတော်ဘုရားကြီးသည် သထုံမြို့ မူလ မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး လွန် တော်မူသည့် ၁၆-ကြိမ်မြောက် အသိမ်းအမှတ်ပွဲသို့ တရား ဟော ကြွတော်မူမည်ဖြစ်သောကြောင့် ပြင်ဆင်စရာရှိသည်များ ကို ပြင်ဆင်ကြရပါသည်၊ မျက်နှာသုတ်ပုဝါ၊ ဆပ်ပြာခဲ၊ ဆေး

ပစ္စည်း စသည်များကို သပိတ်ထဲ ထဲ့ရသည်။ သပိတ်ဖုံးပေါ်ခင်းနှီးတထည် ခေါက်တင်၍ သပိတ်အိတ် ဘေးသိုင်းကြိုးကို သပိတ်ဖုံးပေါ်၌ ဖိလျက် ချည်ရသည်၊ ဆရာတော်ဘုရားကြီး၏ ကုတင်, အိပ်ရာ, ခြင်ထောင် တို့ကိုလည်း သေသေသပ်သပ် သိမ်းဆည်းရသည်။ မျက်မှန် ကျန်မနေ ရစ်ရန် အဆင်သင့် ထားရသည်။

နှစ်ထပ်သက်နှ်းကြီး ယူဦးမည်လား မသိ၍ စာရေးသူက လျှောက်ထားရာ "ယူရမည်၊ အခေါက်မညီ သေးလျှင် ညီအောင်ခေါက်ပြီး လွယ်အိတ်ထဲ ထဲ့ရမည်"ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူပါသည်၊ "မညီသေးပါ ဘုရား"ဟု စာရေးသူက လျှောက်ကာ နှစ်ထပ်သက်နှ်းကို ခေါက်ရန် ယူလိုက်စဉ် "တပါးတည်း ခေါက်လျှင် ညီခဲတယ်၊ တပါးတည်း ညီအောင်ခေါက်ယင်လဲ ကြာတတ်တယ်၊ဒီယူခဲ့"ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်။

ထို့ကြောင့် နှစ်ထပ်သက်နှ်းကြီးကို တဖက်စီဆွဲကာ ဆရာတော်နှင့် နှစ်ပါး ခေါက်ကြသည်၊ ပြီးသော် လွယ်အိတ်တွင်း ထည့်ရန် စာရေးသူက နှစ်ထပ်သက်နှ်း ခေါက်ကို ကိုင်သည်၊ ဆရာတော်ဘုရားကြီးက လွယ်အိတ်ဝကို ဖွင့်ပေးတော်မူသည်၊ လွယ်အိတ်တွင်း သို့ နှစ်ထပ် သက်နှ်းကြီး ရောက်သွားပါပြီ၊ သက်နှ်းလွယ်အိတ်ကို ဆရာတော်ဘုရားကြီးနှင့် အတူ လိုက်သွားမည့် ပစ္စာသမဏ ဦးဇင်းလေးအား စာရေးသူက လက်လှမ်းစဉ် "မပေးလိုက်နဲ့ အုံး၊ သထုံ ရောက်လျှင် တရားဟောဘို့

သင်္လွေခသုတ် ဆောင်ပုဒ်စာရွက် ထည့်ရအုံးမယ်''ဟု မိန့်တော်မူကာ ဆောင်ပုဒ်စာရွက်ကို ယူလာတော်မူသည်။

စာရေးသူက လွယ်အိတ်ထဲ ထည့်ဘို့ရာ ဆရာတော်ဘုရားကြီး၏ လက်ထဲမှ ဆောင်ပုဒ်စာရွက်ကို လှမ်းယူလိုက်ရာ စာရေးသူအားစာရွက်ကိုမပေးပဲ ကိုယ်တော်တိုင်လွယ်အိတ်ငယ်ထဲသို့ သေချာစွာ ထည့်တော်မူသည်၊ ဩော်-သေချာလှပါဘ်-ဟု စာရေးသူက တွေးမိသည်။

နောက် ဆရာတော်ဘုရားကြီးက ခေါက်ထားသောသင်္ကန်းတစုံမှ သင်းပိုင်ခေါက်ကိုဖြေတော်မူပြီး ခါးမှာဝတ်ထားသော သင်းပိုင်နှင့် လဲလှယ်ဝတ်တော်မူသည်။ လဲလိုက်သော သင်းပိုင်ကို ခေါက်ရန် စာရေးသူက ကောက်ယူလိုက်ရာ ဆရာတော်ဘုရားကြီးက ''မခေါက်နဲ့၊ ထပ်ဝတ်မယ်လို့'' ဟု မိန့်တော်မူကာ အပြင်က ထပ်၍ ဝတ်တော်မူသည်၊ ထပ်သောအခါ အဘွင်းသင်းပိုင်ကို အသက်ဆွဲ၍ အပြင်သင်းပိုင်ကို အောက်အနည်းငယ် လျှောကာ ဝတ်တော်မူသည်၊ နောက်ကိုယ်ဝတ်ကေသီသင်္ကန်းကို ဝတ်ရုံတော်မူသည်။

''အပြင်သင်းပိုင်က တို၊ အတွင်းသင်းပိုင် က ရှေနေယင်ကြည့်မကောင်းဘူး၊ အရောင်အသွေးတူယင် တော်သေးရဲ၊ မတူယင် ပိုဆိုးတယ်၊ ကြည်ညိုဘွယ် မဖြစ်ဘူး၊ သင်းပိုင်နှစ်ထပ်ရယ်, အပေါ်ရုံ ကေသီရယ်, နှစ်ထပ်သင်္ကန်းကြီးရယ် ပေါင်းလေးထည်ဆိုတော့ တိစီဝရိက်တော့ မဟုတ်ဘူး၊ စတုစီဝရိက်ဖြစ်နေပြီ''ဟု ဆရာတော်ဘုရားကြီးက ပြုံးပြုံးကြီး မိန့်တော်မူပါသည်။

နောက်“ဒီလို သင်္ကန်းလေးထည်သာ ယူသွားတော့ ခရီး ဆောင် ဝန်ပေါ့တယ်၊ ရေချိုးချင်ယင်လဲ ရေလဲသင်းပိုင် အပိုပါပြီး ဖြစ်တယ်၊ အေးလို့ခြုံချင်လျှင်လဲ နှစ်ထပ်သင်္ကန်းကြီးကို ခြုံယင် ပြီးတာဘဲ”ဟု ဆက်လက် မိန့်တော်မူပါသည်၊ နောက် ခါးပန်းကြိုးကို ပန်းတော်မူ၍ ခါးပိုက်ဆောင်နာရီကို ခါးပန်း ကြိုး၌ ညှပ်တော်မူ၏။

သို့ရှိစဉ် မော်လမြိုင်မြို့ သတိပဋ္ဌာန်ပြန့်ပွားရေးအဖွဲ့ အတွင်း ရေးမှူး ဦးထွန်းတင်လည်း ကားနှင့် ရောက်လာတော့သည်၊ “ဒကာကြီး– စောလှချည်လား”ဟု ဆရာတော်ဘုရားကြီးက မေးတော်မူသည်၊ “မှန်ပါ ကြိုတင် လာတာပါ ဘုရား၊ ခုမှ ၄-နာရီ မိနစ် ၄၀-ရှိပါသေးတယ်၊ သင်္ဘောက ၆–နာရီမှ ထွက်မှာပါ၊ မုတ္တမရောက်လဲ မီးရထားက ၈–နာရီမှ ထွက်ပါတယ် ဘုရား၊ ဒါပေမဲ့ တပည့်တော်မှာ စိတ်ကစောနေလို့ ညက နာရီပြန် ၂-ချက် ကတည်းက နိုးနေပါတယ်၊ နောက်ပြန်ပျော် သွားယင် မနိုးပဲ နေမှာစိုးလို့ တရားအားထုတ်နေရပါတယ် ဘုရား”ဟု လျှောက်သည်၊ ကားဖြင့် သင်္ဘောဆိပ်ကို လိုက်ပို့မည့် ဦးထွန်းတင်၏ လုံ့လဝီရိယကလည်း မသေးပါတကား၊

ခဏကြာသော် အခန်းတွင်းမှ အားလုံး ထွက်ကြ၏။ ကား ပေါ်၌ ဆရာတော် ဘုရားကြီးနှင့် ဦးပဏ္ဍိတ ကလေး တို့က နောက်ခန်းက ထိုင်တော်မူကြသည်။ ကပ္ပိယကမ္မဋ္ဌာန်း ဦးပါက ရှေ့ခန်း၌ ဆွဲချင်းများ, ချိုင့်များကို ထိန်းကာ ပါသွားလေ သည်။ ဦးပါကား မုတ္တမရောက်သော် ဆရာတော်ဘုရားကြီး အား အချက်အခွမ်းကပ်၍ ကျောင်းပြန် လာခဲ့ရမည်၊ သထုံသို့

ကပ္ပိယအဖြစ် ဒုအတွင်းရေးမှူး ဦးသန်းမြင့်က လိုက်သွားရမည်ဖြစ်ပါသည်၊ စာရေးသူကား ကျောင်းစောင့်ရင်း တရားစစ်ရန် ကျန်ရစ်ခဲ့ရသည်။

အချိန်ကား နံနက် ၅-နာရီ တိတိ ဖြစ်၏။ ဆရာတော်ဘုရားကြီး ကြွသွားတော်မူသည့် အချိန်ကို သိရန် နာရီကို ကြည့်ရင်း ဆရာတော်ဘုရားကြီး၏ လုံ့လ ဝီရိယရှိပုံ၊ အရာရာ၌ စေ့စပ် သေချာပုံ များကို အောက်မေ့ ဆင်ခြင်မိ ပါတော့သတည်း။

ဗုဒ္ဓ ဓမ္မ ကြေးမုံ ပြီး၏။

---

၂၂-၇-၇၀ နေ့ ထုတ်၊ ဗုဒ္ဓ ဓမ္မ လောက စာ စောင် မှ။

ဓမ္မမိတ်ဆွေ အပေါင်းတို့ ခင်ဗျား-

ဤ ဗုဒ္ဓ ဓမ္မ ကြေးမုံတွင် မပါဘဲ ကျန်ရှိနေသော ညောင်ကန် အရှင်ဣန္ဒက၏ တရားနှင့် ဆက်စပ်သော ဆောင်းပါးများကို ဆက်လက် ပုံနှိပ် ထုတ်ဝေနိုင်ရန် ရည်ရွယ်ချက် ထားရှိပါသည်။ နောင် အလျဉ်းသင့်သလို ထုတ်ဝေနိုင်ရန်ကိုလည်း ဆက်လက် ကြိုးပမ်းလျက် ရှိကြောင်း သတင်းကောင်း တရပ် ပါးလိုက်ရပါသည်။

ကျန်းမာ ချမ်းသာ၍
သူတော်ကောင်းတရား
ပွားများနိုင်ကြပါစေ။

ဦးထွန်းလှိုင်

ရတနာသီရိပုံနှိပ်တိုက်၊ ၁၀/၉၄၉၊ လမ်း ၃၀၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။